ပေသနိမြန်မာစာပေ

## တိတုဩဝါဒစာ



# youaou
# u, wijyavm...

အရာရာ၌
ကောင်းသောအကျင့်
တို့၏ ပုံသက်သေကို
ကိုယ်တိုင်ပြလော့။
(တိတု ၂း၇)

သောမတ်(စ်) ဇာတီလ်

**ထုတ်ဝေသူ**
ပါစ်တာ သောမတ်(စ်)ဇာတီလ်
(၀၂၇၄၈)၊ ပေသနိမြန်မာ
၁၁၂/ခ၊ အထက်မင်းကြီးလမ်း၊ ဘိုကုန်း၊
အင်းစိန်၊ ရန်ကုန်။

**ဝက်ဆိုဒ်ပေါ်တင်ခြင်း**
စက်တင်ဘာလ၊ ၂၀၂၀

**အယ်ဒီတာ**
လွှမ်းသူ (ပဲခူး)

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
လင်းအောင်

**အကြိမ်**
ပထမအကြိမ်

# မာတိကာ


တိတုညြဝါဒစာနှင့် မိတ်ဆက်ခြင်း ........................ ၁

တိတုညြဝါဒစာ အခန်းကြီး ၂ ........................ ၂၃

တိတုညြဝါဒစာ အခန်းကြီး ၁ ........................ ၂

တိတုညြဝါဒစာ အခန်းကြီး ၃ ........................ ၃၉

ပေသနိမြန်မာစာပေ

# တိတုသြဝါဒစာ

# youaou

## u, wijyavm...

အရာရာ၌ ကောင်းသောအကျင့်တို့၏
ပုံသက်သေကို ကိုယ်တိုင်ပြလော့။

(တိတု ၂း၇)

သောမတ်(စ်) ဇာတီလ်

# တိတုဩဝါဒစာနှင့် မိတ်ဆက်ခြင်း

### *အခြေခံ သမိုင်း*

၁။ တိတုဩဝါဒစာကို ရေးသောသူမှာ ပေါလုဖြစ်သည်။ (တိ ၁း၁)

၂။ ဘီစီ ၆၃ ၌ ပေါလု ရောမထောင်မှ ပထမအကြိမ်လွတ်မြောက်ပြီးနောက် နိကောပလိမြို့ (Nicopolis)မှ ရေးသားပေးပို့သောစာဖြစ်သည်။ (တိ ၃း၁၂)

### *ပေါလုနှင့် တိတုတို့၏ ပေါင်းသင်းဆက်နွယ်မှု*

၁။ တိတုသည် ပေါလုအားဖြင့် ပြောင်းလဲလာသောသူ ဖြစ်သည်။ (တိ ၁း၄)

၂။ တတိယမြောက် သာသနာခရီး၌ တိတုသည် ပေါလုနောက် လိုက်ခဲ့သည်။ ထိုအချိန်၌ ပေါလုသည် တိတုကို ကောရိန္သုမြို့ သို့ စေလွှတ်ခဲ့သည်။ (၂ ကော ၂း၁၂-၁၃၊ ၇း၅-၇၊ ၈း၆၊ ၁၆-၂၄)

၃။ ပေါလုနှင့် တိတုတို့သည် ကရေတေကျွန်း၌ အမှုတော်ဆောင်ခဲ့ကြသည်ဟု ယူဆနိုင်သည်။ (တိ ၁း၅)

### *တိတုနှင့် ကရေတေကျွန်း*

၁။ ပေါလုသည် တိမောသေနှင့် တိတုကို သင်းအုပ်အရာ၌ ခန့်ထားသောသူ ဖြစ်သည်။

၂။ တိမောသေကို ဧဖက်မြို့၌ ခန့်ထားပြီး၊ တိတုကို ကရေတေကျွန်း၌ ခန့်ထားသည်။

၃။ တိတုသည် ကရေတေကျွန်းရှိ ယုံကြသည်သူများ၏ သင်းအုပ်ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၁)

## ဘုရားသခင်နှင့် နှုတ်ကပတ်တော်

*မုသာနှင့်ကင်းစင်တော်မူသော ဘုရားသခင်သည်၊ ရှေးကပ်ကာလမရောက်မှီ ဂတိထားတော်မူ၍။*

*(တိ ၁း၁-၂)*

### *ဘုရားသခင်သည်*

၁။ မုသာနှင့်ကင်းစင်တော်မူသောသူ၊

၂။ ရှေးကပ်ကာလမရောက်မီ ကတိပေးတော်မူသောသူ စသည်တို့ဖြစ်သည်။

### *ဘုရားသခင်၏ ကတိတော်သည်*

၁။ မုသာမပါသော ကတိစကား၊

၂။ ယုံကြည်လက်ခံအပ်သော သစ္စာစကား စသည်တို့ဖြစ်သည်။

### *စိန်ခေါ်ချက်*

၁။ ရှေးခေတ်ကာလမတိုင်မီက ဘုရားသခင်သည် ကတိပြု၍ စကားပြောခဲ့သည်။

၂။ ထိုကတိစကားတို့သည် သတ်မှတ်ထားသော အချိန်ကာလ ရောက်သောအခါ ပြည့်စုံလာမည်ဖြစ်သည်။

၃။ ဘုရားသခင်၏ အချို့သော ကတိစကားတို့သည် ပြည့်စုံပြီး ဖြစ်သည်။ ၎င်းတို့မှာ-

က။ ကယ်တင်ရှင်မေရှိယ မွေးဖွားခြင်း၊

ခ။ အသင်းတော် ပေါ်ထွန်းလာခြင်း၊

ဂ။ ထာဝရအသက်၊ စသည်တို့ဖြစ်ကြသည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၂)

## တမန်တော်နှင့် တာဝန်

*ငါတို့ကို ကယ်တင်သော အရှင်ဘုရားသခင်၏ ပညတ်တော်အတိုင်း၊ ငါ၌အပ်ထားသော တရားဟောခြင်းအခွင့်အားဖြင့် တော်လျော်သောအချိန်၌၊ နှုတ်ကပတ်တရားတော်ကို ထင်ရှားစေတော်မူသောအရာနှင့် စပ်ဆိုင်သော ထာဝရအသက်ကို မြော်လင့်သည်ဖြစ်၍၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်ဆိုင်သော သမ္မာတရားကို ဝန်ခံခြင်းအလိုငှါ၎င်း၊ ဘုရားသခင်ရွေးကောက်တော်မူသော သူတို့၏ယုံကြည်ခြင်းအလိုငှါ၎င်း၊ ဘုရားသခင်၏ကျွန်တည်းဟူသော၊ ယေရှုခရစ်၏တမန်တော်ဖြစ်သော ငါပေါလုသည်၊-*
*(တိ ၁း၃)*

### *ငါတို့ကို ကယ်တင်သော အရှင်ဘုရားသခင်. . .*

၁။ 'အရှင်ဘုရားသခင်' သည် ခမည်းတော်ဘုရားသခင်ကို ရည်ညွှန်းသည်။

၂။ ခမည်းတော်ဘုရားသခင်သည် -

က။ ကယ်တင်သော အရှင်၊

ခ။ ပညတ်ပေးသော ဘုရားသခင် ဖြစ်သည်။

### *ငါ၌အပ်ထားသော တရားဟောခြင်းအခွင့်. . .*

၁။ တရားဟောခြင်းအခွင့်သည် ဘုရားသခင်ပေးသနားတော်မူသော အရာဖြစ်သည်။

က။ ဘုရားသခင်သည် တမန်တော်ပေါလုကို တရားဟောခြင်းအခွင့်ပေးသည်။

ခ။ ဘုရားသခင်သည် တရားတော်ကို ပေါလုထံ အပ်နှံ၍ တာဝန်ပေးခဲ့သည်။

၂။ တရားဟောနိုင်စွမ်းသည်လည်း ဘုရားသခင်ထံတော်မှ ဖြစ်သည်။
   က။ သင့်တော်သောအချိန်ကာလ ရောက်သောအခါ ပေါလုသည် နှုတ်ကပတ်တော်ကို ဟောကြားမည် ဖြစ်သည်။
   ခ။ ထိုသို့ ပေါလုသည် တရားကိုဟောသောအခါ ဘုရားသခင်ကိုယ်တိုင်က သူ၏နှုတ်ထွက်စကားများကို ထင်ရှားစေမည် ဖြစ်သည်။

## ***နှုတ်ကပတ်တော် ထင်ရှားခြင်း***

၁။ ဘုရားသခင်သည် အစေခံကျွန်တို့၏ တရားဟောခြင်းဖြင့် (ဂရိ-kerugma)၊ နှုတ်ကပတ်တော်ကို -
   က။ ထင်ရှား (ဂရိ-phaneroo) စေမည်။
   ခ။ ဖွင့်ပြပေးမည်။
၂။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်
   က။ ထာဝရအသက်နှင့် သက်ဆိုင်နေသည်ကိုလည်းကောင်း၊
   ခ။ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့် ဆက်စပ်နေသည်ကို လည်းကောင်း၊
   ဂ။ သမ္မာတရား ဖြစ်သည်ကို လည်းကောင်း၊ ထင်ရှားလာမည် ဖြစ်သည်။

## ***တမန်တော်ပေါလုသည်***

၁။ ဘုရားသခင်က ရွေးကောက်သောသူ၊
၂။ ဘုရားသခင်က ကယ်တင်သောသူ၊
၃။ ဘုရားသခင်က တမန်တော်အဖြစ် ခန့်ထားသောသူ၊
၄။ ယေရှုခရစ်ကိုယ်တိုင် စေလွှတ်သောသူ ဖြစ်သည်။
၅။ ထို့ကြောင့် ပေါလုသည် မိမိ၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရမည်။
   က။ ရွေးကောက်သောသူတို့ အတူခံယူကြသော ယုံကြည်ခြင်းကို ခုခံကာကွယ်ခြင်း၊
   ခ။ လူတို့သည် ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့်ဆိုင်သော သမ္မာတရားကို ဝန်ခံကြရန် တိုက်တွန်းနှိုးဆော်ခြင်း၊

၈။ ဘုရားသခင်က ယုံကြည်၍ အပ်နှံထားသော တရားဟောခြင်းအမှုကို ပြည်တ်ချက်ကဲ့သို့ ခံယူခြင်း၊ ခရစ်တော်၏အစေခံကျွန် တမန်တော်သည် မိမိတာဝန်ကို မိမိအသက်နှင့်အမျှ စောင့်ရှောက်၍ အသက်ဆုံးသည့်တိုင် သစ္စာဝတ်ကို ဖြည့်နေရမည် ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၃)

## သားစစ် တိတု

*ဆက်ဆံသော ယုံကြည်ခြင်းအားဖြင့် ငါ့သားစစ်ဖြစ်သော တိတုကို ကြားလိုက်ပါ၏။ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ်နှင့် ခမည်းတော် ဘုရားသခင့်အထံတော်က ကျေးဇူး၊ ကရုဏာ၊ ငြိမ်သက်ခြင်း ရှိပါစေသော။*

*(တိ ၁း၄)*

### *ဆက်ဆံသော ယုံကြည်ခြင်းအားဖြင့်. . .*

၁။ ဆက်ဆံသော (ဂရိ-koinos) သည် -

က။ မျှဝေသော၊

ခ။ အတူအကွခံယူသော၊

ဂ။ အများနှင့်ဆိုင်သော စသည်တို့ဖြစ်သည်။

၂။ အတူတကွခံယူကြသော ယုံကြည်ခြင်းအရ -

 က။ တိတုသည် ပေါလု၏သားဖြစ်သည်။

ခ။ ပေါလုသည် တိတု၏အဘ ဖြစ်သည်။

၃။ ထိုယုံကြည်ခြင်း၌ -

 က။ တိတုသည် ပေါလု၏ သားအစစ်ဖြစ်သည်။

ခ။ တိတုသည် ပေါလုကဲ့သို့ ဖြစ်သည်။

၄။ ပေါလုသည် ယုံကြည်ခြင်းသားစစ်ဖြစ်သော တိတုထံ စာရေးလိုက်သည်။

### *ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှု. . .*

၁။ သခင်ယေရှုသည် -

 က။ ကယ်တင်ရှင်၊

ခ။ အရှင်သခင်၊

ဂ။ ပေါလု၊ တိတု အပါအဝင် ယုံကြည်သူအပေါင်းတို့၏ ကယ်တင်ရှင် ဖြစ်သည်။

၂။ ပေါလုနှင့်တိတုတို့က ယေရှုသည် ကယ်တင်ရှင်၊ အသက်သခင်ဖြစ်ကြောင်း ယုံကြည်လက်ခံကြသည်။

၃။ သခင်ယေရှုသည် 'ငါတို့' ၏ ကယ်တင်ရှင် ဖြစ်သည်ဟု

က။ ပေါလု အတိအလင်း ပြောသည်။

ခ။ တိတုကလည်း အခိုင်အမာ လက်ခံမည် ဖြစ်သည်။

***ခမည်းတော် ဘုရားသခင်. . .***

၁။ ဘုရားသခင်သည် -

က။ သခင်ယေရှု မဟုတ်ပါ။

ခ။ ခမည်းတော် ဖြစ်သည်။

၂။ ဘုရားသခင်သည် -

က။ ဘုရားဖြစ်ခြင်းအမှု၌ လည်းကောင်း၊

ခ။ ကယ်တင်ခြင်းအမှု၌ လည်းကောင်း သခင်ယေရှုနှင့် တစ်သားတစ်ကိုယ် တည်းဖြစ်သည်။

၃။ ဆိုလိုသည်မှာ ခမည်းတော်ဘုရားသခင်သည် -

က။ သခင်ယေရှု ဘုရားဖြစ်သကဲ့သို့ ဘုရားဖြစ်တော်မူသည်။

ခ။ သခင်ယေရှု ကယ်တင်ရှင် ဖြစ်သကဲ့သို့ ကယ်တင်ရှင် ဖြစ်တော်မူသည်။ (တိ ၁း၃)

***ကျေးဇူးတော်၊ ကရုဏာ၊ ငြိမ်သက်ခြင်း. . .***

၁။ ဤအရာများသည် သူ့အလိုအလျောက် ရရှိခံစားကြသည် မဟုတ်။

၂။ ဤအရာများသည် ဘုရားသခင်ပေးသနားတော်မူခြင်းအားဖြင့်သာ (အကျွန်ုပ်တို့သည်) ရရှိခံစားကြရသည်။

၃။ ဤအရာများ၏ အရင်းအမြစ်များမှာ-

က။ သခင်ယေရှုခရစ်တော်၊

ခ။ ခမည်းတော်ဘုရားသခင်၊ တို့ဖြစ်ကြသည်။

၄။ ဘုရားသခင်၏ ကျေးဇူးတော်၊ ကရုဏာတော်နှင့် ငြိမ်သက်ခြင်းတို့ကို ယုံကြည်နှိမ့်ချစွာ ဆုတောင်းလျက် ရှာကြပါစို့။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၄)

## ခေါင်းဆောင်များ ခန့်အပ်ခြင်းတာဝန်

*ငါသည် သင့်ကို မှာထားခဲ့နှင့်သည်အတိုင်း၊ ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင်၍၊ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ၊ ထိုကျွန်း၌ သင့်ကို ငါထားခဲ့သတည်း။*

*(တိ ၁:၅)*

### *ငါသည် သင့်ကို မှာထားခဲ့နှင့်သည်အတိုင်း*

၁။ ပေါလုသည် တိတုကို မှာကြားထားခဲ့သည်။

က။ တမန်တော်၏ အခွင့်အာဏာ အားဖြင့်လည်းကောင်း၊

ခ။ ဝိညာဉ်ရေးဖခင်တစ်ဦး၏ သြဇာအားဖြင့် လည်းကောင်း။

၂။ တိတုသည် ပေါလု မှာထားနှင့်သည်အတိုင်း ဆောင်ရွက်ရန် ဖြစ်သည်။

### *ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင်၍*

၁။ တိမောသေအား ဧဖက်အသင်းတော်ကို စောင့်ရှောက်စေသည်။ ထိုနည်းတူ၊ တိတုကိုလည်း ကရေတေကျွန်းအသင်းတော်ကို စောင့်ရှောက်စေသည်။

၂။ ကရေတေကျွန်းအသင်းတော်၌ မစုံလင်သောအရာများ ရှိသည်။

က။ မည်သည့်အမှုတော်၌ မဆို ပြဿနာ၊ အခက်ခဲ ရှိစမြဲ ဖြစ်သည်။

ခ။ တမန်တော်ခေတ်က အသင်းတော်တို့၌လည်း မစုံလင်သောအရာများ ရှိကြသည်။

၃။ အမှုတော်မြတ်၌ ရင်ဆိုင်ကြုံတွေ့ရသော ပြဿာနာ၊ အခက်ခဲများကို

က။ နားလည်သဘောပေါက်ရမည်။

ခ။ အချိန်မီ ဖြေရှင်းရမည်။

ဂ။ သတိနှင့်သတ္တိ၊ ပညာနှင့်ဉာဏ် ပူးပေါင်း၍ ကိုင်တွယ်ရမည်။

၄။ တိတုသည် အမှုတော်နှင့် စပ်လျဉ်းသော မစုံလင်မှုများကို ဖြေရှင်းလျက် အသင်းတော်ကို ပြင်ဆင်သောသူ ဖြစ်လာသည်။

***မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ. . .***

၁။ ပေါလုသည် တိတုကို ကရေတေကျွန်း၌ ထားခဲ့သည်။ ရည်ရွယ်ချက်မှာ-

က။ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားရန်၊

ခ။ အမှုတော်မြတ်၌ မစုံလင်သမျှတို့ကို ပြင်ဆင်ရန် စသည်တို့ဖြစ်သည်။

၂။ သင်းအုပ်တို့ကို ခန့်ထားခြင်းအမှုသည် အလွန်ကြီးမြတ်သော တာဝန်ဖြစ်သည်။ တိတုသည် -

က။ ဉာဏ်ပညာ၊

ခ။ ယုံကြည်ခြင်း၊

ဂ။ ဘုရားမျက်နှာကိုသာ ထောက်ရှုခြင်း၊ စသည်တို့အားဖြင့် ခေါင်းဆောင်များ ရွေးချယ်ခန့်အပ်မည် ဖြစ်သည်။

၃။ တိတုသည် ပေါလု အားကိုးရသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်မှာ ငြင်းဖွယ်မရှိပေ။

၄။ အသင်းတော်ခေါင်းဆောင်များ၊ သင်းအုပ်များခန့်အပ်ခြင်းသည် အသင်းတော်ခေါင်းဆောင်ကြီးများသာလျှင် ဆောင်ရွက်အပ်သောတာဝန်ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၅)

## *သင်းအုပ် အရည်အချင်း*

*အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ၊ မယားတယောက်တည်း ရှိသောသူဖြစ်လျှင်၎င်း၊ သူ၏သားမီးတို့သည် ကာမဂုဏ်၌ လွန်ကျူးသည်ဟု အပြစ်တင်ခြင်း၊ နားမထောင်ခြင်းနှင့် လွတ်၍ ယုံကြည်လျှင်၎င်း၊ ထိုသို့သောသူကို ခန့်ထားအပ်၏။*

*(တိ၁း၆)*

***သင်းအုပ်၏ အရည်အချင်းများမှာ-***

၁။ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ၊

၂။ မယားတစ်ယောက်တည်းရှိသောသူ၊

၃။ သူ၏ သားသမီးတို့သည် -

က။ ကာမဂုဏ်၌ မကျူးလွန်သောသူ၊

ခ။ နားထောင်သောသူ၊ နာခံတတ်သောသူ၊

၄။ ယုံကြည်ခြင်း ရှိသောသူ၊ စသည်တို့ ဖြစ်ရမည်။

***ရှင်းလင်းချက်***

၁။ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ (ဂရိ-anegkletos) သည်

က။ အပြစ်စွပ်စွဲခြင်း မခံရသောသူ၊

ခ။ အပြစ်တင်ရန် မရှိသောသူ၊

ဂ။ အပြစ်ပြောစရာ မရှိသောသူ၊ ဟုလည်း နားလည်ရမည်။

၂။ မယားတစ်ယောက်တည်းရှိသောသူ (ဂရိ-gune) သည်

က။ ဇနီးမယား တစ်ယောက်တည်းရှိသော ယောကျ်ားကို ဆိုလိုသည်။

၃။ ကာမဂုဏ်၌ လွန်ကျူး (ဂရိ-asotia) သည် -

က။ စည်းမဲ့ကမ်းမဲ့သုံးဖြုန်းခြင်း၊

ခ။ ပိုင်ဆိုင်သောအရာများ (မိမိခန္ဓာကိုယ်အပါအဝင်) ကို ဖြုန်းတီးခြင်း၊ စသည်တို့ဖြစ်သည်။

ဂ။ သင်းအုပ်၏ သားသမီးများသည် မိမိတို့ပိုင်ဆိုင်ထားသော အရာများနှင့် မိမိတို့ ခန္ဓာကိုယ်ကို မိမိတို့ဆန္ဒအတိုင်း အလွဲအသုံးမချသောသူများ ဖြစ်ကြရမည်။

၄။ နားမထောင်ခြင်းနှင့် လွတ် (ဂရိ-anupotaktos) သည်

က။ အုပ်ချုပ်၍ မရသော၊

ခ။ ဆုံးမသွန်သင်၍မရသော၊

ဂ။ ပေါ့သွမ်းဆိုးသွမ်းသော သူများကို ရည်ညွှန်းသည်။

ဃ။ သင်းအုပ်၏ သားသမီးတို့သည် စကားနားထောင်သောသူ၊ လိမ္မာပါးနပ်သောသူ ဆုံးမသွန်သင်မှုကို နာခံတတ်သောသူများ ဖြစ်ကြရမည်။

၅။ ယုံကြည်ခြင်း (ဂရိ- pistos) သည်

က။ သစ္စာရှိသောသူ၊

ခ။ ယုံကြည်ထိုက်သောသူ၊

ဂ။ အားကိုးရသောသူ ဟုလည်း ပြန်ဆိုနိုင်သည်။

ဃ။ သင်းအုပ်သည် သခင်ခရစ်တော်ကို ယုံကြည်ကိုးစားသောသူ ဖြစ်သည့်အားလျော်စွာ လက်တွေ့အသက်တာနှင့် အမှုတော်မြတ်၌ သစ္စာရှိသောသူ ဖြစ်ရမည်။

***သင်းအုပ်ကို ခန့်အပ်ခြင်း***

၁။ ခန့်အပ် (ဂရိ- kathistemi - တိ ၁း၅) သည်

က။ တာဝန်ခန့်အပ်ခြင်း

ခ။ လက်တင်မင်္ဂလာပေးခြင်း စသည်တို့ဖြစ်သည်။

၂။ ပြင်ဆင်ခြင်း (ဂရိ- epidiorthoo တိ ၁း၅) သည်

က။ အမှားပြုပြင်ခြင်း၊

ခ။ အစီအစဉ်တကျ ထားရှိခြင်း၊

၈။ ဖြည့်စွက်ပြင်ဆင်ခြင်း စသည်တို့ဖြစ်သည်။

၃။ လက်တင်မင်္ဂလာပေးခြင်းခံရသော သင်းအုပ်သည် အသင်းတော်၌ လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်သောသူ ဖြစ်ရမည်။

၄။ တိတုသည် သင်းအုပ်အရည်အချင်းပြည့်သောသူတို့ကို သင်းအုပ်ခန့်ထားရမည် ဖြစ်သည်။ ထို့အပြင် အသင်းတော်၌ မစုံမလင်သောအရာများကို စနစ်တကျ ပြင်ဆင်ရမည်ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၆)

## သင်းအုပ်သည် ဘုရားသခင်၏ ဘဏ္ဍာစိုး

*အကြောင်းမူကား၊ သင်းအုပ်သည် ဘုရားသခင်၏ဘဏ္ဍာစိုးကဲ့သို့၊ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ ဖြစ်ရမည်။ ကိုယ်အလိုသို့ လိုက်တတ်သောသူ၊ စိတ်တိုသောသူ၊ စပျစ်ရည်နှင့်ပျော်မွေ့ သောသူ၊ သူတပါးကို ရိုက်ပုတ်သောသူ၊ မစင်ကြယ်သောစီးပွါးကို တပ်မက်သောသူ မဖြစ်ရဘဲ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ သူတော်ကောင်းနှင့် အဆွေဖွဲ့သောသူ၊ ကျွမ်းခြေစောင့်သောသူ၊ ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူ၊ ကာမဂုဏ်ကို ချုပ်တည်း သောသူ ဖြစ်ရမည်။- (တိ ၁း၇-၈)*

***အကြောင်းမူကား. . .***

၁။ ဤ စကားဆက် 'အကြောင်းမူကား' သည် ရှေ့ (၁း၆)၌ ဖော်ပြထားသော သင်းအုပ်၏ အရည်အချင်းများ မရှိမဖြစ် လိုအပ်နေကြောင်းကို ထပ်ဆင့် အကြောင်းပြဖော်ပြခြင်း ဖြစ်သည်။

၂။ သင်းအုပ်သည် -

က။ ဘုရားသခင်၏ ဘဏ္ဍာစိုးကဲ့သို့ ဖြစ်သည်။

- ဘဏ္ဍာစိုးတို့သည် ရာနှုန်းပြည့် သစ္စာရှိရမည်။
- ဘဏ္ဍာစိုးတို့သည် လိမ္မာပါးနပ်၍ စီမံတတ်ရမည်။
- ဘဏ္ဍာစိုးတို့သည် တာဝန်ယူမှု၊ တာဝန်ခံမှု လုံးဝရှိရမည်။

ခ။ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ ဖြစ်ရမည်။

***ကိုယ်အလိုသို့ လိုက်တတ်သောသူ. . .***

၁။ သင်းအုပ်တစ်ယောက် မဖြစ်ထိုက်သော အရည်အချင်းများမှာ-

 က။ မိမိ၏ အလိုဆန္ဒကို လိုက်သောသူ၊

ခ။ စိတ်တိုသောသူ၊

ဂ။ စပျစ်ရည်နှင့်ပျော်မွေ့သောသူ၊

- စပျစ်ရည်၏ အလိုကို လိုက်သောသူ၊
- စပျစ်ရည်ကြောင့် မထိန်းချုပ်၊ မဆင်ခြင်နိုင်သောသူ၊

ဃ။ သူတစ်ပါးကို ရိုက်ပုတ်တတ်သောသူ၊

- ခိုက်ရန်ဖြစ်တတ်သောသူ၊
- ရန်လိုသောသူ၊

င။ မစင်ကြယ်သောစီးပွားကို တပ်မက်သောသူ စသည်တို့ဖြစ်သည်။

၂။။ သင်းအုပ်၌ ရှိရမည့် အရည်အချင်းများမှာ-

က။ ဧည့်ဝတ်ကျေပွန်သောသူ၊

ခ။ သူတော်ကောင်းနှင့် အဆွေဖွဲ့သောသူ

- သူတော်ကောင်းတို့ကို ချစ်ခင်လေးစားသောသူ၊
- လူကောင်း၊ သူကောင်းတို့ကို ပေါင်းသင်းဆက်ဆံသောသူ၊

ဂ။ ဣန္ဒြေစောင့်သောသူ၊

- တရားမျှတမှုကို မြတ်နိုးသောသူ၊
- ဂုဏ်သိက္ခာကို စောင့်သောသူ၊

ဃ။ ဖြောင့်မတ်သောသူ၊

- တရားသဖြင့် ကျင့်သောသူ၊
- မှန်ကန်စွာ ပြုမူသောသူ။

င။ သန့်ရှင်းသောသူ၊

စ။ ကာမဂုဏ်ကို ချုပ်တည်းသောသူ၊

- စိတ်နှင့်ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်သောသူ၊
- စည်းစနစ်အတိုင်း ကျင့်ကြံနေသောသူ၊ စသည်တို့ ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၇)

## သစ္စာစကားတော်ကို စွဲလမ်းခြင်း

*စင်ကြယ်သော ဩဝါဒအားဖြင့် တိုက်တွန်းသွေးဆောင်ခြင်းငှါ ၄င်း၊ ငြင်းခုံသောသူတို့၏စကားကို ချေခြင်းငှါ၄င်း တတ်နိုင်မည် အကြောင်း၊ ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကို အမြဲစွဲ လမ်းသောသူ ဖြစ်ရမည်။ အကြောင်းမဲ့ကား၊ နားမထောင်ဘဲ အချည်းနှီးသော စကားကိုပြော၍၊ လှည့်ဖြားတတ်သောသူ အများရှိကြ၏။ အရေဖျားလှီးခြင်းကို ခံသောသူတို့တွင်လည်း အထူးသဖြင့်ရှိကြ၏။ (တိ ၁း၉-၁၀)*

***တိုက်တွန်းသွေးဆောင်ခြင်းနှင့် ချေပပြောဆိုခြင်း***

၁။ တိုက်တွန်းသွေးဆောင် (ဂရိ-parakaleho) သည် -

- ဆုံးမသွေးဆောင်ခြင်း၊
- အားပေးနှိုးဆော်ခြင်း၊ စသည်တို့ဖြစ်သည်။

၂။ သင်းအုပ်သည် -

က။ စင်ကြယ်သော ခံယူချက်များအတိုင်း သွေးဆောင်ရမည်။

ဂ။ ကောင်းမွန်သော သွန်သင်ခြင်းအားဖြင့် နှိုးဆော်ရမည်။

၃။ ငြင်းခုံသောသူတို့၏ စကားကိုချေခြင်း (ဂရိ-elegcho) သည် -

က။ အမှားကို ထောက်ပြခြင်း၊

ခ။ အပြစ်ရှိကြောင်း ဝန်ခံစေခြင်း၊ စသည်တို့ဖြစ်သည်။

၄။ သင်းအုပ်သည် -

က။ ဆန့်ကျင်ဘက်ဖြစ်နေသော သူတို့၏အမှားကို ထောက်ပြနိုင်ရမည်။

ခ။ အမှန်တရားကို ငြင်းခုံသောသူတို့၏စကားကို ကြောင်းကျိုးသင့်စွာ ချေပနိုင်ရမည်။

### ***ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကို. . .***

၁။ မှန်ကန်စွာ 'တိုက်တွန်းသွေးဆောင်' ခြင်းနှင့် ကြောင်းကျိုးခိုင်လုံစွာ အမှားကို ထောက်

ပြခြင်းသည် သင်းအုပ်အတွက် အရေးပါသော အရည်အချင်း ဖြစ်သည်။

၂။ ထိုသို့ ဖြစ်လာနိုင်ရန် သင်းအုပ်သည် -

က။ သစ္စာစကား (ဝါ) ယုံကြည်ခြင်းစကားကို ကိုယ်တိုင် ခံယူရမည်။

ခ။ ထိုကိုယ်တိုင် ခံယူထားသော သစ္စာစကားတော် (နှုတ်ကပတ်တော်ကို) မြဲမြံစွာဆုပ်ကိုင်ထားရမည်။

### ***အကြောင်းမူကား၊. . .***

၁။ မိစ္ဆာဆရာသမား အများအပြားရှိနေကြသည်။

၂။ ထိုမိစ္ဆာဆရာများ၌ ယုဒလူမျိုးများသည်လည်း အထူးသဖြင့် (အရေဖျားလှီးခြင်းကို ခံသောသူတို့) ပါဝင်ကြသည်။

၃။ ထိုသူတို့သည် -

က။ နှုတ်ကပတ်တော်ကို နာခံခြင်းမရှိကြ။

ခ။ အချည်းနှီးသော စကားကိုပြောကြသည်။

ဂ။ လှည့်ဖြားတတ်ကြသည်။

၄။ မိစ္ဆာဆရာများသည် အပြောကောင်းသော်လည်း၊ စစ်မှန်သော နာခံခြင်း ရှိကြမည် မဟုတ်။ နှုတ်ကပတ်တော်ကို အမှန် နာခံခြင်း ရှိမရှိကို 'သတိမူ၍ ဂူမြင်' ဆိုသကဲ့သို့ အလေးဂရုပြုစောင့်ထိန်းကြပါစို့။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . .(၀၈)

## မိစ္ဆာဆရာများ၏ အဆိုအမွန်.များ

*ထိုသူတို့၏ နှုတ်ကိုပိတ်ရမည်။ သူတို့သည် မစင်ကြယ်သော စီးပွားကို တပ်မက်လျက်၊ မပေးအပ်သောဩဝါဒကိုပေး၍၊ တအိမ်ထောင်လုံးကို မှောက်လှန်တတ်ကြ၏။ သူတို့အပါအဝင်၊ အမျိုးသားချင်း ပရောဖက်ဆရာတစ်ယောက်က၊ ကရက်သားမြဲ၊ မုသာစွဲလမ်း၊ သားရဲကြမ်းကြုတ်၊ စားကြူးတုတ်တုတ်၊ လူယုတ် ပေဟုစပ်ဆိုသတည်း။ ဤသက်သေမှန်၏။*

*(တိ ၁း၁၁-၁၃)*

### *ထိုသူတို့. . .*

၁။ မိစ္ဆာဆရာများကို ရည်ညွှန်းသည်။

၂။ သင်းအုပ်သည် မိစ္ဆာဆရာများ၏ နှုတ်ကိုပိတ်နိုင်ရမည်။ ပိတ်လည်း ပိတ်ရမည်။

၃။ အကြောင်းမှာ-

က။ သူတို့သည် (မိစ္ဆာဆရာတို့သည်) မစင်ကြယ်သောစီးပွားကို တပ်မက်ကြသည်။

ခ။ မပေးအပ်သော (မပြောအပ်သော) ဩဝါဒကို ပေးကြသည်။

ဂ။ သူတို့၏ဩဝါဒကို ခံယူသော မိသားစုများအား မှောက်လှန်ဖျက်ဆီး တတ်ကြသည်။

### *သူတို့အပါအဝင်၊ အမျိုးသားချင်း. . .*

၁။ 'သူတို့' သည် ကရေတေကျွန်းတွင် နေထိုင်သူများဖြစ်ကြသည်။ သတင်းကောင်းကို ဆန့်ကျင့်ဖက်ပြုသော ဇဝံဂေလိတရား၏ ရန်သူများဖြစ်ကြသည်။

၂။ 'အမျိုးသားချင်း' သည်  သူတို့ထဲက တစ်ယောက်ယောက်ကို ဆိုလိုသည်။
　　က။ ထိုသူသည်ပရောဖက်ဆရာတယောက်အဖြစ် (ကရေတေကျွန်းသား
　　　　များက) အသိအမှတ်ပြုခြင်း ခံရသောသူ ဖြစ်သည်။
　　ခ။ ထိုသူသည် ဘုရားသခင်၏ ပရောဖက်မှန်ဖြစ်သည်ဟု ပေါ်လု မဆိုလိုပါ။
၃။ ထိုသူက ကရေတေကျွန်းသားတို့နှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်းဆိုသည်။
　　က။ မုသာစွဲလမ်းကြသည်။
　　ခ။ မကောင်းဘဲ ကြမ်းကြုတ် (တိရစ္ဆာန်ကဲ့သို့ဖြစ်) ကြသည်။
　　ဂ။ အစားအစာ စားကြူးကြသည်။
　　ဃ။ လူယုတ်လူဖျင်း ဖြစ်ကြသည်။
၄။ ထိုသူ၏ထွက်ဆိုခြင်းသည်  အမှန်ဖြစ်သည်။

***ဤသက်သေမှန်၏***

၁။ ဤအချက်သည်  သက်သေများအားဖြင့်  သိရသည်။
၂။ ထိုသက်သေများသည်လည်း မှန်ကန်ကြောင်း အတည်ပြုပြီး ဖြစ်သည်။
၃။ ထို့ကြောင့် ဧဝံဂေလိတရားကို ဆန့်ကျင်သော ကရေတေကျွန်းသားများသည်
　　သူတို့ထဲက ပရောဖက်တစ်ယောက်ဆိုပြီး သကဲ့သို့ ဖြစ်နေကြသည်မှာ
　　ငြင်းဖွယ်မရှိဟု ပေါ်လုဆိုလိုသည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၀၉)

## ယုံကြည်ခြင်းအမှု၌ စင်ကြယ်ခြင်း

*ထို့ကြောင့်၊ သူတို့သည် ယုဒ ဒဏ္ဍာရီစကားကိုငှင်း၊ သမ္မာတရားကို စွန့်သောလူတို့၏ ပညတ်တို့ကိုငှင်း၊ အမှုမထားဘဲ ယုံကြည်ခြင်း အမှု၌ စင်ကြယ်စေခြင်းငှါ၊ သူတို့ကို ကျပ်တည်းစွာ ဆုံးမပြစ်တင် လော့။ စင်ကြယ်သောသူတို့အား၊ ခပ်သိမ်းသောအရာတို့သည် စင်ကြယ်လျက်ရှိကြ၏။ မစင်ကြယ်၊ မယုံကြည်သောသူတို့အား အဘယ်အရာမျှ မစင်ကြယ်၊ သူတို့၏ နှလုံးလည်း မစင်ကြယ်၊ ကိုယ်ကိုသိသောစိတ်လည်း မစင်ကြယ်။*

*(တိ ၁း၁၄-၁၅)*

### *ထို့ကြောင့်*

၁။ ဤစကားဆက် 'ထို့ကြောင့်' သည် အခန်းငယ် ၁၂-၁၃ နှင့် ၁၄ ကို ဆက်စပ်ပေးသည်။

၂။ကရေတေကျွန်းသားတို့သည် အခန်းငယ် ၁၂နှင့် ၁၃၌ ဖော်ပြထားသည်အတိုင်း

က။ မုသာစွဲလမ်း၊

ခ။ တိရစ္ဆာန်ကဲ့သို့ ကြမ်းတမ်း၊

ဂ။ အစားအသောက်ကြူး၊

ဃ။ ယုတ်မာပျင်းရိကြသည်မှာ မှန်သောကြောင့် ဟုဆိုလိုသည်။

### *သူတို့ကို ကျပ်တည်းစွာဆုံးမပြစ်တင်လော့*

၁။ 'သူတို့' သည် ကရေတေကျွန်းသားများကို ရည်ညွှန်းသည်။

၂။ တိတုသည် ထိုသူတို့ကို ပြင်းထန်စွာ ဆုံးမရမည်။

၃။ ထိုသို့ ဆုံးမရခြင်း၏ ရည်ရွယ်ချက်မှာ-

က။ ယုဒ ဒဏ္ဍာရီစကားကိုလည်းကောင်း၊

ခ။ သမ္မာတရားကို စွန့်သော လူတို့၏ ပညတ်ကိုလည်းကောင်း အမှုမထား ရန်နှင့်

ဂ။ ယုံကြည်ခြင်းအမှု၌ ကျန်းမာသန်စွမ်းရန် စသည်တို့ဖြစ်သည်။

၄။ အခန်းငယ် ၁၄ ၌ ယုံကြည်ခြင်းအမှုနှင့် စပ်လျဉ်းပြီး သုံးသော ဂရိ- hugiaino သည်

က။ စင်ကြယ်သော၊ ဖြူစင်သော၊

ခ။ ကျန်းမာသန်စွမ်းသော၊

ဂ။ သဘာဝကျသော၊ ကျိုးကြောင်းညီညွတ်သော၊ စသည်ဖြင့် ပြန်ဆိုနိုင်သည်။

## *စင်ကြယ်သောသူတို့အား. . .*

၁။ စင်ကြယ်သောသူတို့အဖို့ အရာခပ်သိမ်းတို့သည် စင်ကြယ်ကြသည်။

၂။ သို့သော် မစင်ကြယ်သောသူတို့အဖို့ မည်သည့်အရာမျှ မစင်ကြယ်ကြချေ။

၃။ အကြောင်းရင်းမှာ သူတို့၏ -

က။ ယုံကြည်ခြင်းသည် မစင်ကြယ်၊

ခ။ နှလုံး၊ စိတ်ထား မစင်ကြယ်၊

ဂ။ သြတ္တပ္ပစိတ်သည်လည်း မစင်ကြယ်။

၄။ ပေါလုသည်လည်း အလားတူ မိန့်ဆိုခဲ့သည်။

အဘယ်အစာမျှ ပကတိအတိုင်း မညစ်ညူးကြောင်းကို၊ ငါသည် သခင်ယေရှု ကို အမှီပြုလျက် သဘောကျ၍ အမှန်သိ၏။ သို့သော်လည်း၊ ညစ်ညူးသည် ဟု အကြင်သူသည်ထင်၏၊ ထိုသူ၌ ညစ်ညူး၏။ (ရောမ ၁၄း၁၄)

က။ ယုံကြည်ခြင်းသည်သာ အဓိကသော့ချက် ဖြစ်သည်။

ခ။ ယုံကြည်ခြင်း ပျက်စီးနေသောသူသည် အရာခပ်သိမ်းတို့၌ ပျက်စီးနေမည်ဖြစ်သည်။

ဂ။ ယုံကြည်ခြင်း အားနည်းနေသောသူသည် အရာခပ်သိမ်းတို့ကို လက်ခံ နိုင်မည်မဟုတ်။ (ရောမ ၁၄း၁-၃)

ဃ။ ယုံကြည်ခြင်းဖြင့် အရာခပ်သိမ်းတို့သည် စင်ကြယ်ကြသည်။ (ယှဉ်ကြည့် ၁ တိ ၄း၅)

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၀)

## ဘုရားသခင်ကို အမှန် ဝန်ခံခြင်း

*သူတို့သည် ဘုရားသခင်ကို သိယောင်ဆောင်သော်လည်း၊ အကျင့်အားဖြင့် ဘုရားသခင်ကို ငြင်းပယ်ကြ၏။ စက်ဆုပ်ရွံရှာဖွယ်သောသူ၊ နားမထောင်သောသူ၊ ကောင်းသောအမှုတခုကိုမျှ ပြုတတ်သောဥာဏ်မရှိသောသူဖြစ်ကြ၏။*

*(တိ ၁း၁၆)*

### *သူတို့သည်. . .*

၁။ 'သူတို့' သည် ကရေတေသားများ အထူးသဖြင့် မိစ္ဆာဆရာများကို ရည်ညွှန်းသည်။

၂။ သူတို့သည် နှုတ်အားဖြင့် ဘုရားသခင်ကို သိသည်ဟု ဝန်ခံကြသည်။

က။ သခင်သခင်ဟု နှုတ်အားဖြင့် ဝန်ခံကြသည်။ (မဿဲ ၇း၂၁)

ခ။ အံ့ဖွယ်သောအမှုတို့ကိုလည်း ဆောင်ရွက်ကြသည်။

ဂ။ အမှုတော်၌လည်း အောင်မြင်ကြသည်။

ဃ။ သို့သော် သခင်ဘုရားက 'သင်တို့ကို ငါမသိ' ဟု ဆိုလိမ့်မည်။

### *အကျင့်အားဖြင့် ဘုရားသခင်ကို ငြင်းပယ်ကြ၏*

၁။ ထို မိစ္ဆာဆရာတို့သည် နှုတ်အားဖြင့်သာ ဘုရားသခင်ကို သိကြသည်။

၂။ ထိုသူတို့သည် အကျင့်အားဖြင့် ဘုရားသခင်ကို ငြင်းပယ်ကြသည်။

 က။ အကျင့်သည် မှန်သောအပင်၏ အသီးအပွင့် ဖြစ်သည်။

(မဿဲ ၇း၁၆-၂၀)

ခ။ ယုံကြည်ခြင်းသည် အကျင့်မပါလျှင် အသေဖြစ်သည်။

(ယာကုပ် ၂း၂၀)

၈။ ဘုရားမဲ့ဝါဒကို လက်တွေ့ကျင့်သုံးသောသူများ (practical atheists) ဖြစ်ကြသည်။ (ဆာလံ ၁၄း၁)

***ထိုသူတို့သည်. . .***

၁။ စက်ဆုပ်ရွံရှာဖွယ်သောသူ၊

၂။ နားမထောင်သောသူ၊

၃။ ကောင်းသောအမှုတစ်ခုကိုမျှ ပြုတတ်သောဉာဏ် မရှိသောသူများ ဖြစ်ကြသည်။

***တနည်းအားဖြင့်ဆိုသော်၊ မိစ္ဆာဆရာတို့သည်***

၁။ ဘုရားသခင် မဟုတ်သော အရာများကို နှစ်သက်ကိုးကွယ်ကြသည်။

၂။ မယုံကြည်သောကြောင့် (အမှန်တရားကို) ငြင်းဆန်ကြသည်။

၃။ ကောင်းသောအမှုတို့နှင့် လုံးဝ လျော်ကန်ခြင်း မရှိကြချေ။ အပြစ်နှင့် မိုက်မဲခြင်းကိုသာ လုပ်ဆောင်တတ်ကျွမ်းကြသည်။

က။ မတရားသောအရာတို့ကိုသာ ပြုတတ်ကြသည်။ (အာမုတ် ၃း၁၀)

ခ။ မကောင်းသောအမှုတို့ကို ကျွမ်းကျင်စွာ ဆောင်ရွက်တတ်ကြသည်။ (မိက္ခာ ၇း၃)

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၁)

## ဟန်ချက်ညီသော အသက်တာ (၁)

*သင်မူကား၊ စင်ကြယ်သော ဩဝါဒနှင့် ထိုက်တန်သမျှတို့ကို ဟောပြောလော့။ အသက်ကြီးရင့်သော ယောကျာ်းတို့သည် သမ္မာသတိရှိသောသူ၊ တည်ကြည်သောသူ၊ ဣန္ဒြေစောင့်သောသူ၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၌ စိတ်သန်သောသူ ဖြစ်ရကြမည်အကြောင်း၊- (တိ ၂း၁-၂)*

### *သင်မူကား. . .*

၁။ တိတုကို ရည်ညွှန်းသည်။

၂။ တိတုသည် သင်းအုပ်အနေဖြင့် ဟောပြောခြင်းအမှုကို ဆောင်ရွက်ရမည်။

က။ ဂရိသဒ္ဒါအရ 'ဟောပြောခြင်း' ကို Present Imperative Active (ချက်ချင်း ဆောင်ရွက်ရမည့် အချက်အဖြစ်) ဖော်ပြထားသည်။

ခ။ ဆိုလိုသည်မှာ တိတုသည် ဟောပြောခြင်းအမှုကို မဆိုင်းမလင့် ဆောင်ရွက်ရမည်။

### *ဩဝါဒနှင့် ထိုက်တန်သမျှတို့ကို*

၁။ ဩဝါဒသည် မှန်သော

က။ သွန်သင်ချက်၊

ခ။ ယုံကြည်ခံယူချက် စသည်တို့ဖြစ်သည်။

၂။ 'ဩဝါဒနှင့် ထိုက်တန်သမျှ' ဆိုသည်မှာ-

က။ ယုံကြည်ခံယူချက်နှင့် ညီသော၊

ခ။ မှန်သောသွန်သင်ချက်နှင့် အံဝင်ခွင်ကျ ဖြစ်သော၊ အရာဟူသမျှ ဟု နားလည်ရပေမည်။

၃။ တိတုသည် ယုံကြည်ခြင်းနှင့် လျော်ကန်သောအရာတို့ကို အသင်းဝင်တို့အား ပြောပြနေရမည်ဖြစ်သည်။

***အသက်ကြီးရင့်သော ယောကျ်ားတို့. . .***

၁။ တိတုသည် အသက်ကြီးရင့်သော ယောကျ်ားတို့အား ဩဝါဒနှင့် ထိုက်တန်သမျှတို့ကို ပြောပြရန်ဖြစ်သည်။

၂။ ထိုသို့ ဟောပြောရခြင်း၏ ရည်ရွယ်ချက်မှာ-

က။ သမ္မာသတိရှိသောသူ၊

ခ။ တည်ကြည်သောသူ၊

ဂ။ ဣန္ဒြေစောင့်သောသူ၊

ဃ။ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် သည်းခံခြင်း၌ စိတ်သန်သောသူ ဖြစ်လာကြရန် ဖြစ်သည်။

၃။ ထပ်မံ ရှင်းလင်းချက်များ

က။ သမ္မာသတိရှိသောသူ (ဂရိ-nephalios) သည် သတိဝီရိယရှိသောသူ၊ သတိနှင့်နိုးနိုးကြားကြားရှိသောသူ ဖြစ်သည်။

ခ။ တည်ကြည်သောသူ (ဂရိ- semnos) သည် ကြည်ညိုလေးစား ဖွယ်ကောင်းသောသူ၊ သိက္ခာစောင့်ထိန်းသောသူ ဖြစ်သည်။

ဂ။ ဣန္ဒြေစောင့်သောသူ (ဂရိ-sophron) သည် စိတ်ကောင်း စိတ်မှန် ရှိသောသူ၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်သောသူ ဆန္ဒကို သိက္ခာနှင့် စောင့်ရှောက်သောသူ၊ ဖြစ်သည်။

ဃ။ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် သည်းခံခြင်း၌ စိတ်သန်သောသူ (ဂရိ-hugiano)သည် ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် သည်းခံခြင်းတို့၌ အစွန်းမရောက်သောသူ၊ အသက်တာ၌ ဘက်စုံဟန်ချက်ညီသောသူ ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၂)

## ဟန်ချက်ညီသော အသက်တာ (၂)

*ထိုနည်းတူ၊ အသက်ကြီးရင်းသော မိန်းမတို့သည် ကျင့်ကြံပြုမူရာမှာ ဓမ္မအမှုနှင့် ထိုက်တန်သောသူ၊ မချောစားတတ်သောသူ၊ စပျစ်ရည်၌ မလွန်ကြူးတတ်သောသူ၊ ကောင်းသောအတတ်ကို သင်ပေးတတ်သောသူ ကိုယ်တိုင်ဖြစ်၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့်သောငှါ အသက်ပျိုသော မိန်းမတို့သည် ကိုယ်ခင်ပွန်းကို ချစ်သောသူ၊ သားသမီးကို ချစ်သောသူ၊ ဣန္ဒြေစောင့်သောသူ၊စင်ကြယ်သောသူ၊ မိမိအိမ်ကို ပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံသောသူ ဖြစ်စေခြင်းငှါ၊ အသက်ကြီးရင့်သော မိန်းမတို့သည် ဆုံးမပေးရကြမည်အကြောင်း။။*

*(တိ ၂း၃-၅)*

***ထိုနည်းတူ. . .***

၁။ အထက်က အတိုင်းပင် ယခုမှာလည်း လုပ်ဆောင်ရမည်။

က။ တိတုသည် ဩဝါဒနှင့် ထိုက်တန်သမျှတို့ကို ဆက်လက် ဟောပြောရမည်။

ခ။ ဟန်ချက်ညီသော အသက်တာ သည် ထိုသို့ ဟောပြောခြင်း၏ ရည်ရွယ်ချက် ဖြစ်သည်။

၂။ တိတုသည် အသက်ကြီးရင့်သော မိန်းမတို့အား ယုံကြည်ခြင်းနှင့် ညီသော ဆုံးမဩဝါဒပေးရမည် ဖြစ်သည်။

## *အသေးစိတ် ရည်ရွယ်ချက် (၁)*
## *အသက်ကြီးရင့်သော မိန်းမတို့သည်*

၁။ ကျင့်ကြံပြုမူရာမှာ ခမ့်အမှုနှင့် ထိုက်တန်သောသူ
(လေးစားကြည်ညိုထိုက်သောသူ)၊
၂။ မချောစားတတ်သောသူ (မြွှဆွယ်လှည့်ဖြားခြင်းမပြုတတ်သောသူ)၊
၃။ စပျစ်ရည်၌ မလွန်ကြူးတတ်သောသူ (စပျစ်ရည်သောက်ကြူးခြင်းမရှိသောသူ)၊
၄။ ကောင်းသောအတတ်ကို သင်ပေးတတ်သောသူ
က။ ကောင်းသောအရာ၊
ခ။ ကောင်းသောအတတ်(ပညာ)၊ စသည်တို့ကို သင်ပေးနိုင်သောသူ၊
ကိုယ်တိုင်ဖြစ်လာရမည်။

## *အသေးစိတ် ရည်ရွယ်ချက် (၂)*
## *အသက်ကြီးရင့်သော မိန်းမတို့သည်*

၁။ သူတစ်ပါးအား မိမိကဲ့သို့ဖြစ်လာအောင် သင်ပေးရမည်။
အသက်ငယ်သော မိန်းမတို့သည် -
က။ ကိုယ်ခင်ပွန်းကို ချစ်သောသူ၊
ခ။ သားသမီးကို ချစ်သောသူ၊
ဂ။ ဣန္ဒြေစောင့်သောသူ၊စင်ကြယ်သောသူ၊
ဃ။ မိမိအိမ်ကို ပြုစုသောသူ၊
င။ ကောင်းမွန်သောသူ
စ။ ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံသောသူ စသည်တို့ဖြစ်လာစေရန်
ဖြစ်သည်။
၂။ အသက်ငယ်သော မိန်းမပျိုတို့၏ စိတ်ထားကို သတိပေးပြင်ဆင်ရမည်။
၃။ ဤသည်ကား အသက်ကြီးရင့်သော မိန်းမတို့မှ ဆောင်ရွက်အပ်သော ဆုံးမခြင်း
ဖြစ်သည်။
က။ ဂရိ-sophromizo သည် စိတ်ဓာတ်ပြင်ဆင်ခြင်း၊
ခ။ သတိပေးဆုံးမခြင်း စသည်တို့ ဖြစ်သည်။

***စိန်ခေါ်ချက်***

၁။ တိတုသည် ယုံကြည်ခြင်းနှင့် အညီ ဆုံးမသွန်သင်ရမည်။

၂။ အသက်ကြီးရင့်သော မိန်းတို့သည်လည်း အသက်နုပျိုသောမိန်းတို့ကို ဆုံးမလမ်းပြရမည်။

၄။ ဆုံးမသွန်သင်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်နေရန် ဖြစ်သည်။ ဂရိ- blasphemeo သည် -

က။ အပြစ်တင်ကဲ့ရဲ့ခြင်း၊ နာမည်ပျက်၊ အသရေဖျက်ခြင်း စသည်တို့ကို ဆိုလိုသည်။

ခ။ ဘုရားသခင်နှင့်တကွ နှုတ်ကပတ်တော်သည် ယုံကြည်သူတို့၏ အသက်တာကြောင့် ကဲ့ရဲ့ပြစ်တင်ဖွယ် ဖြစ်လာနိုင်သည်။

ဂ။ ကောင်းမွန်နှစ်သက်ဖွယ်သော အသက်တာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် ကင်းလွတ်စေသည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၃)

## ဟန်ချက်ညီသော အသက်တာ (၃)

*ထိုနည်းတူ၊ အသက်ပျိုသောယောကျာ်းတို့သည်လည်း၊ ဣန္ဒြေစောင့်ကြရမည်အကြောင်း တိုက်တွန်းသွေးဆောင်လော့။*
*(တိ ၂း၆)*

***ထိုနည်းတူ***

၁။ တိတုသည် အထက်က ပြောဆို ဆုံးမသည်နည်းတူ ဆုံးမပြောဆိုရမည်။

၂။ တိတုသည် -

က။ အသက်ကြီးရင့်သော မိန်းမတို့ကိုလည်းကောင်း၊

ခ။ အသက်ကြီးရင့်သော ယောကျာ်းတို့ကို လည်းကောင်း၊ ပြောဆိုလမ်းပြရမည်။ (တိ ၂း၁-၅)

၃။ ထိုနည်းတူ တိတုသည် အသက်ငယ်သော ယောကျာ်းတို့ကိုလည်း ပြောဆိုတိုက်တွန်းရမည်။

***အသက်ပျိုသော ယောကျာ်းတို့***

၁။ ဂရိ-neos သည်

က။ ယုံကြည်ခြင်း၌ အသစ်သောသူ၊

ခ။ ငယ်သောသူ ဟုလည်း ပြန်ဆိုနိုင်သည်။

၂။ ထို့ကြောင့် ဤ (neos) သည် -

က။ လူငယ်တို့ကိုလည်းကောင်း၊

ခ။ အထူးသဖြင့် ယုံကြည်ခါစဖြစ်သောသူတို့ကို လည်းကောင်း ဆိုလိုသည်။

၃။ တိတုသည် လူငယ်များ၊ ဘာသာရေး ကူးပြောင်းလာသော လူသစ်များကို သွန်သင်တိုက်တွန်းရမည်။

***ဣန္ဒြေစောင့်ကြရမည့်အကြောင်း. . .***

၁။ တိတုသည် ဘာသာကူးပြောင်းလာသောလူသစ်များ၊ လူငယ်များကို

ကျ။ ဣန္ဒြေစောင့်ကြရန်၊

ခ။ ဆန္ဒကို သိက္ခာနှင့် ထိန်းကြရန်၊

ဂ။ သမ္မာသတိရှိကြရန် တိုက်တွန်းရမည်။

၂။ တိုက်တွန်းသွေးဆောင် (ဂရိ-parakaleo) သည်

က။ တောင်းပန်၍ ပြောဆိုခြင်း၊

ခ။ တရင်းတနှီး ခေါ်ဆောင်ခြင်း၊

ဂ။ တိုက်တွန်းနှိုးဆော်ခြင်း စသည်တို့ဖြစ်သည်။

၃။ တိတုသည် လူငယ်များ၊ ယုံကြည်ခါစဖြစ်သောသူများ ကို ကြိုဆိုဖိတ်ခေါ်၍ သွေးဆောင်ရမည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၄)

## ပုံသက်သေကို ကိုယ်တိုင်ပြလော့

*အရာရာ၌ ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့၊ ဆုံးမသြဝါဒပေးသောအခါ မိစ္ဆာဒိဋ္ဌိနှင့်ကင်းခြင်း၊ တည်ကြည်ခြင်း၊- အပြစ်တင်ဘွယ်မရှိ၊ စင်ကြယ်သောတရားစကားကို ဟောပြောခြင်းတို့ကိုပြုလော့။ သို့ဖြစ်၍၊ တဘက်၌နေသောသူသည်၊ ငါတို့ကို ကဲ့ရဲ့စရာအခွင့်မရနိုင်သောကြောင့်၊ ရှက်ကြောက်ခြင်းသို့ ရောက်လိမ့်မည်။*
*(တိ ၂း၇-၈)*

### *အရာရာ၌*

၁။ မည်သည့်အရာ၌ မဆိုဟူ၍ လည်းကောင်း၊
၂။ ခပ်သိမ်းသောအရာ၌ ဟူ၍လည်းကောင်း ပြန်ဆိုနိုင်သည်။

### *ကောင်းသောအကျင့်တို့၏ ပုံသက်သေ. . .*

၁။ ကောင်းသောအမှု၊
၂။ ကောင်းသောအလုပ်၊
၃။ ကောင်းသောအရာ စသည်တို့၌ ပုံသက်သေ ဖြစ်ရမည်။

### *ကိုယ်တိုင်ပြလော့*

၁။ ဂရိ-parecho သည် -
    က။ ပြသည်။
    ခ။ ဖြစ်စေသည်။
    ဂ။ အနီးအပါး၌ ကိုင်ဆောင်ထားသည်။

၂။ တိတုသည် မိမိကိုယ်မိမိ ကောင်းသောအရာတို့၌ ပုံသက်သေအဖြစ် မြင်သာစွာပြသနေရမည်။
၃။ သူတစ်ပါးတို့သည် ခမည်းတော်ဘုရားသခင်ကို ချီးမွမ်းနိုင်ကြမည်အကြောင်း သင်တို့၏ ကောင်းသောအကျင့်ကို သူတစ်ပါးရှေ့၌ ပြုကြလော့ ဟုသခင်ယေရှု မိန့်တော်မူခဲ့သည်။ (မဿဲ ၅း၁၆)

### *ကောင်းသောအကျင့်တို့သည် အဘယ်နည်း*

၁။ ဆုံးမသြဝါဒပေးခြင်း၊
၂။ မိစ္ဆာဒိဋ္ဌိနှင့်ကင်းခြင်း၊
၃။ တည်ကြည်ခြင်း၊
၄။ အပြစ်တင်ဖွယ်မရှိခြင်း၊
၅။ စင်ကြယ်သောတရားစကားကို ဟောပြောခြင်း စသည်တို့ဖြစ်ကြသည်။ တိတုသည် ထိုအရာများ၌ ပုံသက်သေအဖြစ် မြင်သာစွာ ရပ်တည်နေရမည်။

### *သို့ဖြစ်၍. . .*

၁။ 'သို့ဖြစ်၍' သည် အကျိုးရလဒ်ကို ဖော်ပြပေးသော စကားဆက်ဖြစ်သည်။
၂။ ကောင်းသောအကျင့်တို့၌ ပုံသက်သေအဖြစ် ရပ်တည်နေခြင်း၏ အကျိုးကျေးဇူးမှာ-
က။ တစ်ဖက်၌ နေသောသူ (မိမိတို့ကိုဆန့်ကျင်နေသောသူ) သည် အကျွန်ုပ်တို့၏ မကောင်းကြောင်းကို ပြောစရာရှိမည် မဟုတ်။
ခ။ အကျွန်ုပ်တို့ကို ကဲ့ရဲ့စရာအခွင့် မရသောကြောင့် ထိုသူသည် (အကျွန်ုပ်တို့ကို ဆန့်ကျင်နေသာသူသည်) ရှက်ကြောက်ခြင်းသို့ ရောက်လိမ့်မည် ဖြစ်သည်။
၃။ တစ်နည်းအားဖြင့်ဆိုသော်၊ ကောင်းသောအမှု၌ ပုံသက်သေဖြစ်နေခြင်းဖြင့် မိမိကို ဆန့်ကျင်နေသောသူသည် ရှက်ကြောက်၍ ကိုယ်တိုင်စိတ်လုံခြုံမှုမရှိဘဲ တွေဝေလျက် ရှိနေလိမ့်မည် ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၅)

## တရားကို အလှတန်ဆာအဖြစ် ဆင်ခြင်း

*အစေခံကျွန်တို့သည်၊ ငါတို့ကို ကယ်တင်တော်မူသောအရှင် ဘုရားသခင်၏ဩဝါဒကို အရာရာ၌ တန်ဆာဆင်ခြင်းငှါ၊ မိမိတို့သခင်၏ အုပ်စိုးခြင်းကိုဝန်ခံ၍၊ ငြင်းခုံခြင်းမရှိဘဲ၊ အရာရာ၌ သခင်၏အလိုသို့ လိုက်မည်အကြောင်းနှင့်၊- တိတ်ဆိတ်စွာ ခိုးယူခြင်းကိုမပြုဘဲ၊ ခပ်သိမ်းသောသစ္စာကို ထင်ရှားစွာပြမည် အကြောင်း၊ တိုက်တွန်းသွေးဆောင်လော့။*

*(တိ ၂း၉-၁၀)*

**အစေခံကျွန်တို့. . .**

၁။ 'အစေခံကျွန်' (ဂရိ-doulos) သည် -

က။ ကျွန်

ခ။ ကျေးကျွန်

၂။ သာမန်ကျွန်များကို ဆိုလိုသည်။

**ကျွန် နှင့် သခင်**

၁။ ကျွန်သည် မိမိသခင် (ဂရိ- despotes)၏ အုပ်စိုးခြင်းကို ဝန်ခံရမည်။

၂။ ကျွန်သည် မိမိသခင်၏စကားကို ငြင်းခုံခြင်း၊ ပြန်၍ပြောခြင်း မပြုရ။

၄။ ကျွန်သည် မိမိသခင်၏ အလိုကို လိုက်လျော၍ နေစေရမည်။

က။ သခင်နှင့် သဘောထားချင်း တိုက်ဆိုင်နေရမည်။

ခ။ သခင်အတွက်ကျေနပ်၍ ဝမ်းမြောက်စေရမည်။

၅။ ကျွန်သည် မိမိသခင်၏ ပစ္စည်းများကို တိတ်တဆိတ် ခိုးယူခြင်းမပြုရ။

က။ ကျွန်သည် မိမိသခင်၏ ပိုင်ဆိုင်မှုများမှ မိမိအဖို့ ခိုးဝှက်၍ သိမ်းယူထားခြင်း မပြုရ။

ခ။ ကျွန်သည် မိမိသခင် စေခိုင်းသောအမှုမှ အမြတ်ထုတ်ခြင်း မပြုရ။

***အကြောင်းရင်းနှင့် ရည်ရွယ်ချက်မှာ***

၁။ ကျွန်သည် ခပ်သိမ်းသောအရာ၌

က။ ခပ်သိမ်းသော သစ္စာကို၊

ခ။ ပြည့်ဝစုံလင်သော သစ္စာကို ထင်ရှားစွာ ပြသနိုင်ရမည်။

ဂ။ တစ်နည်းအားဖြင့်ဆိုသော် ကျွန်သည် မိမိသခင်၏ ယုံကြည်စိတ်ချမှုကို ရယူနိုင်ရမည်ဖြစ်သည်။

၂။ ကျွန်သည် အရာရာ၌ ကယ်တင်တော်မူသော အရှင်ဘုရားသခင်၏ဩဝါဒကို တန်ဆာဆင်ရမည်ဖြစ်သည်။

 က။ ခမည်းတော်ဘုရားသခင်၏ ဩဝါဒ၊

ခ။ ကယ်တင်ရှင် ဘုရားသခင်၏သွန်သင်ချက် ကို တန်ဆာအဖြစ်ဆင်ရန်ဖြစ်သည်။

၃။ တန်ဆာဆင်ခြင်း (ဂရိ-kosmeo) သည် -

က။ စီစီရီရီ ထားခြင်း၊

ခ။ အလှဆင်ခြင်း၊

ဂ။ သေသပ်စွာ ပြုပြင်ခြင်း စသည်တို့ဖြစ်သည်။

၄။ နှုတ်ကပတ်တော်သည် ယုံကြည်သူတိုင်း အလှတန်ဆာအဖြစ် ဆင်အပ်သော အရာဖြစ်သည်။ တိတုသည် ယုံကြည်သူတို့၊ အထူးသဖြင့် ခရစ်ယာန်ကျွန်တို့ကို အထက်ပါအတိုင်း တိုက်တွန်းသွေးဆောင် ရမည်ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၆)

## ဘုရားသခင်၏ ကျေးဇူးတော်

*အကြောင်းမူကား၊ မင်္ဂလာရှိသော မျှော်လင့်ရာကိုငှင်း၊ ကြီးမြတ်သောဘုရားသခင်တည်းဟူသော၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏ ဘုန်းအသရေတော် ထင်ရှားပေါ်ထွန်းခြင်းကိုငှင်း၊ ငါတို့သည် မျှော်လင့်လျက်၊ ဘုရားမဲ့ တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက်၊ ယခုဘ၀၌ကျွန်ုပ်စောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း၊ ငါတို့ကို ဆုံးမသွန်သင်၍၊ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။*

*(တိ ၂း၁၁-၁၃)*

### *ဘုရားသခင်၏ ကျေးဇူးတော်*

၁။ ဘုရားသခင်၏ ကျေးဇူးတော်သည် -

က။ ထင်ရှားပေါ်ထွန်း (ဂရိ-epiphaino) သည် ။

ခ။ ထွန်းလင်းတောက်ပသည်။

ဂ။ ပေါ်ပေါက်လာသည်။

၂။ ဘုရားသခင်၏ ကျေးဇူးတော်သည် -

က။ ငါတို့ကို ဆုံးမသွန်သင် (ဂရိ-paideuo) သည်။

ခ။ ကလေးသူငယ်ကဲ့သို့ လမ်းပြသွန်သင်သည်။

ဂ။ ဒဏ်ပေး၍ သွန်သင်သည်။

၃။ ဘုရားသခင်၏ ကျေးဇူးတော်သည် -

က။ လူအပေါင်းတို့ကို ကယ်တင်(လို)သော ဘုရားသခင်ထံမှ ဖြစ်သည်။

ခ။ လူတိုင်းအား ကယ်တင်မည့် ဘုရားသခင်၏ ကောင်းမြတ်ခြင်း ဖြစ်သည်။

ဂ။ ဘုရားသခင်၏ အကျွန်ုပ်တို့အတွက် လုံး၀ မထိုက်တန်သော မျက်နှာသာ ပေးခြင်းဖြစ်သည်။

### ***ရည်ရွယ်ချက်ပြစကားလုံး (ဂရိ-hina)***

၁။ ဤစကားလုံးသည် ရည်ရွယ်ချက်ပြ ဖြစ်သည်။

၂။ ပေတရုသည် hina ကိုသုံး၍ ကျေးဇူးတော် ပေါ်ထွန်းကြောင့် အကျွန်ုပ်တို့အား ဆုံးမသွန်သင်ခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြထားသည်။

### ***ဘုရားသခင်၏ ကျေးဇူးတော်သည် အကျွန်ုပ်တို့အား ဆုံးမသွန်သင်ရခြင်းမှာ-***

၁။ မင်္ဂလာရှိသော မျှော်လင့်ရာကို စောင့်နေရန်နှင့် ခရစ်တော် ပြန်ကြွလာမည့်နေ့ရက်ကို မျှော်လင့်ရန် စသည်တို့ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်
က။ ဘုရားမဲ့ တရာမဲ့နေခြင်းကို ပယ်ရှားကြရမည်။
ခ။ လောကီတပ်မက်ခြင်းကို ပယ်ရှားကြရမည်။

၂။ ယခုဘ၀၌ ကျွန်ုပ်တို့သည် -
က။ ကြံ့ခိုင်စောင့်ခြင်း၊
ခ။ တရားသဖြင့်ကျင့်ခြင်း၊
ဂ။ ဘုရား၀တ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေကြရန် စသည်တို့ဖြစ်သည်။

၃။ မျှော်လင့်သောအရာ၌ အောက်ပါတို့လည်းပါ၀င်သည်။
က။ ကြီးမြတ်သောဘုရားသခင်၊
ခ။ ကယ်တင်ရှင် သခင်ယေရှုခရစ်၊
ဂ။ သခင်ခရစ်တော်၏ ဘုန်းအသရေတော်၊

၄။ သခင်ခရစ်တော်၏ ဘုန်းအသရေတော်သည်
က။ အကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်ခြင်း၊
ခ။ အကျွန်ုပ်တို့အား (ကောင်းကင်ဘုံသို့) ချီဆောင်ခြင်း၊
ဂ။ ထိုသခင်နှင့်အတူ အုပ်စိုးခြင်း၊
ဃ။ ထိုသခင်ဖြစ်သည်အတိုင်း သိရခြင်း၊
င။ ထိုသခင်၏သဏ္ဍာန်နှင့်အညီ အပြည့်အ၀ပြောင်းလဲခြင်း၊
စ။ မသေကြေ၊ မပျက်စီးနိုင်သောခန္ဓာအဖြစ် ပြောင်းလဲခြင်း၊ စသည်တို့၌ ရုပ်လုံးပေါ်သည့်တိုင် ထင်ရှားမည်ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၇)

## ရွေးနှုတ်ခြင်းအမှန်

*ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကိုရွေးနှုတ်ခြင်းငှါ၎င်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍၊ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဘို့စင်ကြယ်စေခြင်းငှါ၎င်း၊ ကိုယ်ကိုကိုယ်စွန့်ကြဲတော်မူပြီ။ ဤတရားစကားကို ဟောပြောခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမပြစ်တင်ခြင်းတို့ကို ခပ်သိမ်းသောအာဏာနှင့်တကွ ပြုလော့၊ အဘယ်သူမျှ သင့်ကို မထီမဲ့မြင်မပြုစေနှင့်။ (တိ ၂း၁၄-၁၅)*

### *ထိုသခင်ယေရှုခရစ်သည်. . .*

၁။ ယေရှုသည် အသက်သခင်ဖြစ်သည်။

၂။ ယေရှုသည် ခရစ်တော် (မေရှိယ) ဖြစ်သည်။

၃။ သူသည် ကျွန်ုပ်တို့ကို ရွေးနှုတ် (ဂရိ-lutroo) သည်။

က။ အဖိုးအခပေး၍ ရွေးနှုတ်သည်။

ခ။ တန်ရာတန်ကြေးပေးဆောင်၍ လွတ်မြောက်စေသည်။

### *ခပ်သိမ်းသောဒုစရိုက်မှ*

၁။။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ခပ်သိမ်းသောဒုစရိုက်မှ (ဂရိ-anomia) ရွေးနှုတ်သည်။

က။ ဥပဒေမဲ့ခြင်း၊

ခ။ စည်းမဲ့ကမ်းမဲ့နေခြင်း၊

ဂ။ မနာခံခြင်း စသည်တို့မှ ရွေးနှုတ်သည်။

၂။ ကျွန်ုပ်တို့သည် ခရစ်တော်၏ရွေးနှုတ်ခြင်းကြောင့် တရားစကားကို နာခံသောသူများ ဖြစ်ကြရမည်။

၃။ ယုံကြည်သူတိုင်းသည် ဘုရားစကားကို နာခံသောသူများ ဖြစ်ရမည်ဖြစ်သည်။

## *aumi;aom t usi b u ü pw t m;lu;...*

၁။ ကျွန်ုပ်တို့သည် ကောင်းသောအရာများကို
  က။ နှစ်သက်မြတ်နိုးကြရမည်။
  ခ။ စိတ်အားထက်သန်စွာ ဆောင်ရွက်ကြရမည်။

၂။ ယုံကြည်သူများသည် ကောင်းသောအမှုများဘက်၌ စိတ်အားကြီးသောသူများ ဖြစ်ကြသည်။

၃။ ထို့အပြင်၊ ကျွန်ုပ်တို့သည် -
  က။ ခရစ်တော်အဖို့ ရွေးနှုတ်ခြင်းခံသောသူများ ဖြစ်ကြသည်။
  ခ။ ခရစ်တော်ပိုင်သသော ဘုရားသခင်၏လူမျိုးတော် ဖြစ်ကြသည်။
  ဂ။ သခင်ယေရှုခရစ်တော်ကိုယ်တိုင် သန့်ရှင်းစင်ကြယ်စေသော လူမျိုးတော် ဖြစ်ကြသည်။

## *ကိုယ်ကိုကိုယ်စွန့်ကြဲတော်မူပြီ*

၁။ သခင်ခရစ်တော်သည် မိမိကိုယ်ကို ခမည်းတော်လက်တော်သို့ အပ်နှံတော်မူသည်။

၂။ သခင်ခရစ်တော်သည် ကိုယ်ကိုယ်ကိုယ် သေခြင်း၌ သွန်းတော်မူသည်။
(ယေရှာယ ၅၃း၁၂)

၃။ သခင်ယေရှုသည် မိမိအသက်ကို စွန့်တော်မူသည်။ (မာကု ၁၀း၄၅)

၄။ ဤသို့ ကိုယ်ကိုယ်ကိုယ်စွန့်ရခြင်းမှာ-
  က။ အကျွန်ုပ်တို့အား ရွေးနှုတ်ရန်၊
  ခ။ အကျွန်ုပ်တို့သည် ကောင်းသောအမှု၌ စိတ်အားကြီး၍၊ ခရစ်တော်ကိုယ်တိုင်က ပိုင်သသောသန့်ရှင်းသောလူမျိုးတော် ဖြစ်ကြရန်စသည်တို့ ဖြစ်သည်။

## *ဤတရားစကားကို . . .*

၁။ ဟောပြောခြင်း၊

၂။ တိုက်တွန်းသွေးဆောင်ခြင်း၊

၃။ ဆုံးမသွန်သင်ခြင်း စသည်တို့ကို ခပ်သိမ်းသောအာဏာနှင့်တကွ ဆောင်ရွက်ရမည်။

***ခပ်သိမ်းသောအာဏာ***

၁။ ဂရိ-epitage သည် -

က။ သင်ကြားခြင်း၊ သင်ကြားမှု၊

ခ။ အခွင့်အာဏာ ၊ လုပ်ပိုင်ခွင့်။

၂။ တိတုသည် မှန်သောတရားကို သင်ကြားပို့ချခွင့် ရရှိထားသောသူဖြစ်သည်။

၃။ တိတုသည် ထိုတရားကြောင့် -

 က။ ဆုံးမခွင့်၊

ခ။ အပြစ်ဖော်ပြခွင့်၊

ဂ။ ပြုပြင်ရန် တိုက်တွန်းသွေးဆောင်ခွင့် စသည်တို့ ရှိသည်။

၄။ တိတုသည် ထိုခပ်သိမ်းသောအာဏာနှင့်တကွ နှုတ်ကပတ်အမှုတော်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ မထီမဲ့မြင် မပြုကြရန်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော်၊ လေးစား နာခံလာကြရန်ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၈)

## ကောင်းသောအမှုများ

*လူတို့သည် အထွဋ်အမြတ်အာဏာစက်၏ အုပ်စိုးခြင်းကို ဝန်ခံခြင်းငှါလင်း၊ မင်း၏စကားကို နားထောင်စေခြင်းငှါလင်း၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြု၍ အသင့်ဖြစ်စေခြင်းငှါလင်း၊-အဘယ်သူကိုမျှ မကဲ့ရဲ့၊ ရန်တွေ့ခြင်းကိုမပြု၊ ဖြည်းညှင်းသောသဘောရှိ၍၊ ခပ်သိမ်းသောသူတို့၌ အလွန်နူးညံ့သိမ်မွေ့စွာ ပြုစုစေခြင်းငှါလင်း သတိပေးလော့။ (တိ ၃း၁-၂)*

### *လူတို့သည် အထွဋ်အမြတ်အာဏာစက်၏. . .*

၁။'အထွဋ်အမြတ်အာဏာစက်' သည် -

က။ အာဏာရှိသော အစိုးရ၊

ခ။ အာဏာရှိသော အသင်းအဖွဲ့များ စသည်တို့ကို ဆိုလိုသည်။

၂။ ယုံကြည်သူတို့သည် -

က။ 'အထွဋ်အမြတ်အာဏာစက်' တို့ကို ဝန်ခံရမည်။

ခ။ 'အထွဋ်အမြတ်အာဏာစက်' တို့၏ အုပ်စိုးခြင်းကို လက်ခံရမည်။

### *မင်း၏စကားကို. . .*

၁။ 'မင်း' သည် အုပ်ချုပ်သောသူ ဘုရင်ကို ဆိုလိုသည်။

၂။ ယုံကြည်သူတို့သည် အုပ်ချုပ်သောမင်းတို့၏ စကားကို -

က။ နားထောင်ရမည်၊

ခ။ လိုက်နာရမည်။

### ***ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြု၍. . .***

၁။ ‘ကောင်းသောအမှုအမျိုးမျိုး’ သည် -

က။ ကောင်းသောအလုပ်၊

ခ။ ကောင်းသောအကျင့် စသည်တို့ဖြစ်သည်။

၂။ ယုံကြည်သူတို့သည် ကောင်းသောအမှုအမျိုးမျိုးတို့ကို -

က။ ပြုစုနိုင်ရမည်၊

ခ။ ဆောင်ရွက်လိုစိတ် အပြည့်ရှိနေရမည်၊

ဂ။ လုပ်ဆောင်ရန်လည်း အဆင်သင့်ဖြစ်ရမည်။

### ***အဘယ်သူကိုမျှ မကဲ့ရဲ့. . .***

၁။ ယုံကြည်သူများသည် -

က။ အဘယ်သူကိုမျှ မကဲ့ရဲ့၊

ခ။ ရန်တွေ့ခြင်းကိုမပြု၊

ဂ။ ဖြည်းညင်းသောသဘောရှိ၍၊

ဃ။ ခပ်သိမ်းသောသူတို့၌ အလွန်နူးညံ့သိမ်မွေ့စွာ ပြုစုရမည်။

၂။ ဤအချက်တို့သည် ယုံကြည်သူတိုင်း လုပ်ဆောင်သင့်သော အရာများ ဖြစ်ကြသည်။

### ***သတိပေးလော့***

၁။ တိတုသည် ယုံကြည်သူတို့ကို သတိပေးရမည်။

၂။ ယုံကြည်သူများသည် အခန်းငယ် ၁-၂ ၌ ဖော်ပြထားသည့် ကောင်းသော အမှုများကို သတိနှင့် ဆောင်ရွက်ကြရမည်။ ၎င်းတို့မှာ-

က။ အထွဋ်အမြတ်အာဏာစက်၏ အုပ်စိုးခြင်းကို ဝန်ခံခြင်း၊

ခ။ မင်း၏ စကားကို နားထောင်ခြင်း၊

ဂ။ ကောင်းသောအမှုများအတွက် အသင့်ဖြစ်ခြင်း၊

ဃ။ အခြားသောသူတို့ကို မကဲ့ရဲ့၊ ရန်မတွေ့ဘဲ၊ ဖြည်းညင်းသောသဘောနှင့် ခပ်သိမ်းသောသူတို့ရှေ့၌ အလွန်နူးညံ့သိမ်မွေ့စွာပြုစုခြင်း စသည်တို့ ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၁၉)

## အတိတ်က (အကျွန်ုပ်တို့၏) အခြေအနေမှန်

*အကြောင်းမူကား၊ အထက်က ငါတို့သည် ပညာမဲ့သောသူ၊ နားမထောင်သောသူ၊ မှားယွင်းသောသူ၊ အထူးထူးအပြားပြားသောတပ်မက်ခြင်း၊ ကာမဂုဏ်ခံစားခြင်းအမှုတို့ကို ဆောင်ရွက်သောသူ၊ မနာလိုခြင်း၊ ငြူစူခြင်း၌ ကျင်လည်သောသူ၊ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ အချင်းချင်းမုန်းသောသူ ဖြစ်ကြ၏။*

*(တိ ၃း၃)*

***အကြောင်းမူကား***

၁။ အခန်းငယ် (၂)၌ ညွှန်ကြားထားသည့်အတိုင်း သတိပေးရမည့်အကြောင်းရင်းကို ဖော်ပြသည်။

၂။ ထိုသို့ သတိပေးရခြင်း၏ အကြောင်းရင်းမှာ အကျွန်ုပ်တို့သည်လည်း အတိတ်တုန်းက မကောင်းသောသူများ ဖြစ်ခဲ့ကြသည်။

***အထက်က ငါတို့သည်***

၁။ ယုံကြည်သူတိုင်းကို ဆိုလိုသည်။

၂။ ပေါလု၊ တိတု နှင့် အခြား ခရစ်ယာန်များ ပါဝင်ကြသည်။

***ပညာမဲ့သောသူ. . .***

၁။ အကျွန်ုပ်တို့ - ယုံကြည်သူတို့ - သည်

 က။ ပညာမဲ့သောသူ (ဂရိ-anoetos -ဆင်ခြင်မှုကင်းမဲ့သောသူ)၊

ခ။ နားမထောင်သောသူ (မနာခံသောသူ၊ ငြင်းဆန်သောသူ)၊

ဂ။ မှားယွင်းသောသူ (ဂရိ-planao- လမ်းလွဲသောသူ၊ လှည့်ဖြားခြင်းခံရသောသူ)။
ဃ။ အထူးထူးအပြားပြားသောတပ်မက်ခြင်း (ဂရိ-douleuontes epithumiai- တားမြစ်ပိတ်ပင်ထားသောအရာတို့အား တပ်မက်သောအလိုဆန္ဒကို အစေခံနေသောသူ)၊
င။ ကာမဂုဏ်ခံစားခြင်းအမှုတို့ကို ဆောင်ရွက်သောသူ (ဂရိ-douleuontes...hedonais-ပျော်ပါးလိုသောဆန္ဒကို အစေခံနေသောသူ)၊
စ။ မနာလိုခြင်း၊ ငြူစူခြင်း၌ ကျင်လည်သောသူ၊
ဆ။ စက်ဆုပ်ရွံရှာဘွယ်သောသူ၊
ဇ။ အချင်းချင်းမုန်းသောသူ ဖြစ်ခဲ့ကြသည်။
၂။ ယခုအချိန်၌ အကျွန်ုပ်တို့သည် အမှန်ပြောင်းလဲသောသူများ ဖြစ်ကြပြီ။

***စိန်ခေါ်ချက်***

၁။ မိမိတို့၏ အတိတ်အသက်တာကို မမေ့သင့်ပေ။
၂။ အားနည်းသော ယုံကြည်သူများကို စာနာတတ်ရမည်။
၃။ ဘုရားသခင်၏ ကျေးဇူးတော်သည် အကျွန်ုပ်တို့ အမှန်ပြုပြင်ပြောင်းလဲရာ၌ လုံးဝ လုံလောက်ပေသည်။
၄။ ထိုကျေးဇူးတော်ကို ထောက်၍၊ ခရစ်တော်၌ အသစ်ပြုပြင်သောသတ္တဝါအဖြစ် ပြောင်းလဲကြပါစို့။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၂၀)

## အံ့ဩဖွယ် ကင်တင်ခြင်း

*ငါတို့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင်၏စေတနာတော်နှင့် လူတို့ကိုချစ်တော်မူသော မေတ္တာတော်သည် ပေါ်ထွန်းသောအခါ၊- ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။ (တိ ၃း၄-၅)*

*ငါတို့ကို ကယ်တင်တော်မူသော. . .*

၁။ ဘုရားသခင်ကို ရည်ညွှန်းသည်။

၂။ ဘုရားသခင်သည်

 က။ ကယ်တင်သော အရှင်၊

ခ။ အကျွန်ုပ်တို့၏ ကယ်တင်ရှင် ဖြစ်သည်။

၃။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို မည်သို့ချစ်သနည်း။
ဘုရားသခင်သည် အကျွန်ုပ်တို့ကို

က။ ဂရုဏာနှင့်လည်းကောင်း၊

ခ။ မေတ္တာတော်နှင့်လည်းကောင်း ချစ်တော်မူသည်။

၄။ ဂရုဏာ (ဂရိ-chrestptes) သည်

က။ ကြင်နာမှု၊

ခ။ ကောင်းမြတ်မှု၊

ဂ။ ကိုယ်ကျင့်သိက္ခာမှန်ကန်မှု၊ စသည်တို့ဖြစ်သည်။ ဘုရားသခင်သည် မိမိ ကိုယ်ကျင့်သိက္ခာမှန်ကန် ကောင်းမြတ်မှုကြောင့် အကျွန်ုပ်တို့ကို ချစ်တော်မူသည်။

၅။ လူတို့ကိုချစ်တော်မူသော မေတ္တာတော် (ဂရိ-philanthropia) သည်
ကျ။ လူတို့ကို ခင်မင်နှစ်သက်ခြင်း၊
ခ။ သဒ္ဓါတရား၊
ဂ။ စိတ်ထားကောင်းမြတ်ခြင်း စသည်တို့ဖြစ်သည်။
ဘုရားသခင်သည် လူတို့ကို အထူးတလည် ခင်မင်နှစ်သက်သောကြောင့် အကျွန်ုပ်တို့ကို ချစ်တော်မူသည်။

၆။ ထိုဘုရားသခင်၏ ဂရုဏာတော်နှင့် မေတ္တာတော်သည် တစ်နေ့ပေါ်ထွန်းထင်ရှားလိမ့်မည်။
က။ ခရစ်တော်ပြန်ကြွလာသောအခါ၊
ခ။ နောက်ဆုံးသော တရားစီရင်ရာနေ့ ရောက်သောအခါ၊

***ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ် . . .***

၁။ ဘုရားသခင်၏ ကယ်တင်ခြင်းသည် -
က။ ကျွန်ုပ်တို့၏ အကျင့်အားဖြင့် မဟုတ်၊
ခ။ ကျွန်ုပ်တို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်လည်း မဟုတ်၊

၂။ ဘုရားသခင်၏ ကယ်တင်ခြင်းသည် ဘုရားသခင်၏ သနားခြင်းကရုဏာတော်နှင့် အညီ -
က။ ဆေးကြောခြင်းအားဖြင့်လည်းကောင်း၊
ခ။ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်လည်းကောင်း၊
ဖြစ်တော်မူသည်။

၃။ ဘုရားသခင်၏ သနားခြင်း ကရုဏာ (ဂရိ-eleos) သည် -
က။ သနားခြင်း၊
ခ။ ကရုဏာ စသည်တို့ဖြစ်သည်။
ဘုရားသခင်၏ သနားခြင်းသည် အထက်က ဖော်ပြသော'ဂရုဏာတော်နှင့် လူတို့ကို ချစ်တော်မူသော မေတ္တာတော်' တို့ဖြင့် ထင်ရှားသည်။

၄။ ကယ်တင်ခြင်းသည် ဆေးကြောခြင်း (ဂရိ-loutron) သည် -

က။ ရေချိုးခြင်း၊

ခ။ ရေထဲ၌စိမ်၍ ဆေးကြောခြင်း၊ စသည်တို့ဖြစ်သည်။ ကယ်တင်ခြင်းသည် အကုန်အစင် ဆေးကြောခြင်း ဖြစ်သည်။ ဤဆေးကြောခြင်းသည် နှုတ်ကပတ်တော်အားဖြင့်ဖြစ်သည် (ယောဟန် ၁၅း၃)။ အသက်ဝိညာဉ်နှင့်လည်း ဆိုင်သည် (၁ ပေ ၁း၂၂-၂၄)။ ထို့ကြောင့် ဒုတိယ မွေးဖွားခြင်းနှင့် ဆိုင်သော ဆေးကြောခြင်းဟု သမုတ်ရခြင်းဖြစ်သည်။

၅။ ကယ်တင်ခြင်းသည် ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်း (ဂရိ-anakainosis) သည် -

က။ မူလအခြေအနေသို့ ပြန်ရောက်စေခြင်း၊

ခ။ ပြန်လည်ရှင်သန်စေခြင်း၊

ဂ။ ပြန်လည်ပြုပြင်ခြင်း၊ စသည်တို့ဖြစ်သည်။

ကယ်တင်ခြင်းသည် ဝိညာဉ်တော်၏ပြုပြင်ခြင်းဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းဖြစ်သည်။ အပြစ်မကျူးလွန်မီ ဧဒင်ဥယျာဉ်က အခြေအနေကို ပြန်၍ သတိရစေသည်။ ကယ်တင်ခြင်း ရရှိသောသူတို့သည် ဖြူစင်သန့်ရှင်းသောသူ၊ ဘုရားသခင်၏ စစ်မှန်သောသားသမီးများ ဖြစ်လာကြသည်။ တစ်နည်းအားဖြင့်ဆိုသော်၊ အသစ်ပြုပြင်သောသတ္တဝါ ဖြစ်ခြင်းဖြစ်သည်။ (၂ ကော ၅း၁၇)

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၂၁)

## ဝိညာဉ်တော်ကို သွန်းလောင်းခြင်း

*ငါတို့ကို ကယ်တင်သော အရှင်ယေရှုခရစ်အားဖြင့် ငါတို့အပေါ်သို့ ထိုဝိညာဉ်တော်ကို ကြွယ်ဝစွာ သွန်းလောင်းတော်မူ၏။အကြောင်းမူကား၊ ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်၍ ထာဝရအသက်ကို မြော်လင့်သည်နှင့်အညီ အမွေခံဖြစ်ကြမည်အကြောင်းတည်း။*

*(တိ ၃း၆-၇)*

### *ငါတို့ကို ကယ်တင်သော. . .*

၁။ သခင်ယေရှုသည် အကျွန်ုပ်တို့၏ ကယ်တင်ရှင် ဖြစ်သည်။

၂။ သခင်ယေရှုသည် ခရစ်တော် (မေရှိယ) ဖြစ်သည်။

### *ယေရှုခရစ်အားဖြင့်*

၁။ အရာခပ်သိမ်းတို့သည် သခင်ခရစ်တော်အားဖြင့် ဖြစ်တည်ကြသည်။ (ယောဟန် ၁း၃)

၂။ အကျွန်ုပ်တို့သည်လည်း ခရစ်တော်အားဖြင့် ဘုရားသခင်၏သားသမီးများ ဖြစ်လာကြသည် ( ယောဟန် ၁း၁၂)။

၃။ ထာဝရအသက်သည်လည်း ခရစ်တော်အားဖြင့်သာ ရရှိနိုင်သည်။ (ရောမ ၆း၂၃)

### *ငါတို့အပေါ်သို့ ထိုဝိညာဉ်တော်ကို ကြွယ်ဝစွာ သွန်းလောင်းတော်မူ၏*

၁။ ခရစ်တော်အားဖြင့် ဘုရားသခင်သည် အကျွန်ုပ်တို့အပေါ်သို့ ဝိညာဉ်တော်ကို သွန်းလောင်းတော်မူသည်။

က။ ပရောဖက်၏ ကြိုတင်ဟောထားချက် ဖြစ်သည်။ (ယောလ ၂း၂၈)

ခ။ ပရောဖက်ဟောထားချက် ပြည့်စုံသည်။ (တမန် ၂)
၂။ ကြွယ်ဝစွာ သွန်းလောင်းသောကြောင့်
က။ အကျွန်ုပ်တို့အားလုံး ဝိညာဉ်တော်ကို ရရှိကြသည်။
ခ။ လူကြီး၊ လူငယ်နှင့် ကလေးများအားလုံး ဝိညာဉ်တော် ရရှိကြသည်။
၃။ ထို ဝိညာဉ်တော်ကြောင့် အကျွန်ုပ်တို့သည်
က။ နှုတ်ကပတ်တော်ကို နားလည်နိုင်လာကြသည်။ (သုတ္တံ ၁း၂၃)
ခ။ ဝိညာဉ်ဆုကျေးဇူး ရရှိလာကြသည်။ (၁ ကော ၁၂)

***အကြောင်းမူကား၊ ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်. . .***

၁။ ကျွန်ုပ်တို့အပေါ်သို့ ဝိညာဉ်တော်ကို ကြွယ်ဝစွာ သွန်းလောင်းရခြင်းမှာ အမွေခံဖြစ်ကြသောကြောင့်ဖြစ်သည်။
၂။ အမွေခံဖြစ်လာရခြင်းမှာ ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်သည်။
၃။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် -
က။ ကျွန်ုပ်တို့ကို ရွေးမဆွက ကြိုတင်ခွဲခန့်မှတ်သားနှင့်သည်။ (ရောမ ၈၊ ဧဖက် ၁)
ခ။ ကြိုတင်ခွဲခန့်မှတ်သားနှင့်သည့်အတိုင်း ခေါ်တော်မူသည်။
ဂ။ ခေါ်တော်မူသောသူတို့အား ဖြောင့်မတ်စေသည်။
ဃ။ ဖြောင့်မတ်စေသောသူတို့အား ထာဝရအသက်ဟူသော ဆုကျေးဇူးကို ပေးသနားတော်မူသည်။ (ရောမ ၆း၂၃)
င။ ထာဝရအသက် ရသောသူတို့ကို ဘုရားသခင်၏အမွေစား၊ အမွေခံများ ဖြစ်စေသည်။
စ။ ဤသူတို့ကိုလည်း နောက်ဆုံး၌ ချီးမြှောက်ဦးမည် ဖြစ်သည်။
၄။ အထူးသဖြင့်၊ ဖြောင့်မတ်စေသောသူတို့အား အမွေစား၊ အမွေခံများဖြစ်စေရန် ဘုရားသခင်သည် ဝိညာဉ်တော်ကို ကျွန်ုပ်တို့ (ယုံကြည်သူတို့) အပေါ်သို့ ကြွယ်ဝစွာ သွန်းလောင်းရခြင်းဖြစ်သည်။
၅။ ဤအရာများ၏ အာမခံသက်သေအဖြစ် ဝိညာဉ်တော်သည် အကျွန်ုပ်တို့ကို အစဉ်ကူညီ မစနေမည် ဖြစ်သည်။ (ဧဖက် ၁း၁၃-၁၄)

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၂၂)

## ကောင်းသောအကျင့်တို့ကို ဦးစားပေးကျင့်ခြင်း

*ဤစကားသည် သစ္စာစကားဖြစ်၏။ ဘုရားသခင်ကို ယုံကြည်သောသူတို့သည် ကောင်းသော အကျင့်တို့ကို အမြဲကျင့်အံ့သောငှါ သတိပြုရကြမည်အကြောင်း၊ သင်သည် ဤအရာများကို ကြိုးစား၍ ဟောပြောစေခြင်းငှါ ငါအလိုရှိ၏။ ထိုအကျင့်တို့သည် ကောင်းသည်သာမက၊ လူတို့၏အကျိုးကို ပြုစုတတ်သော အကျင့်ဖြစ်ကြ၏။* *(တိ ၃း၈)*

### *ဤစကားသည် သစ္စာစကား. . .*

၁။ 'သစ္စာစကား' ဆိုသည်မှာ -

က။ ယုံကြည်အပ်သော စကား၊

ခ။ မှန်သောစကား ဖြစ်သည်။

၂။ ဤသစ္စာစကားသည်

က။ သွန်သင်ချက်၊

ခ။ ခံယူချက် ဖြစ်လာသည်။

### *ဘုရားသခင်ကို ယုံကြည်သောသူတို့သည်. . .*

၁။ ခရစ်ယာန်တို့သည် ကောင်းသောအကျင့်တို့ကို အမြဲကျင့်ရမည်။

၂။ 'ကောင်းသောအကျင့်တို့' သည် ကောင်းသောအလုပ်ဟူသမျှ ကိုဆိုလိုသည်။

၃။ 'အမြဲကျင့်အံ့သောငှါ' သည် -

က။ ရှေ့မှ ဦးဆောင်သွားအံ့သောငှာ၊

ခ။ ဦးစားပေး အာရုံစိုက် လုပ်ဆောင်အံ့သောငှာ ဟုလည်း ပြန်ဆိုနိုင်သည်။

၃။ ဆိုလိုသည်မှာ ခရစ်ယာန်တို့သည် ကောင်းသောအလုပ်၊ အကျင့်များကို ဦးဆောင်၍ လုပ်ဆောင်သောသူများ ဖြစ်ကြရမည်။

***သတိပြုရကြမည့် အကြောင်း. . .***

၁။ ဂရိ-dia+bebaioomai သည် အခိုင်အမာ၊ အလေးအနက် အတည်ပြုခြင်းကို ရည်ညွှန်းသည်။

၂။ တိတုသည် ယုံကြည်သူများအား ကောင်းသောအရာများကို အမြဲဦးစားပေး ဆောင်ရွက်ကြရန်သတိပေး အတည်ပြုပေးရမည်။

၃။ တိတုသည် ဤအကြောင်းအရာများကို ကြိုးစား၍ ဟောပြောရမည်။

***ထိုအကျင့်တို့သည် ကောင်းသည်သာမက. . .***

၁။ 'ထိုအကျင့်တို့သည်' ကို -

က။ 'ဤအရာများသည်' ဟု ပြန်ဆိုနိုင်သည်။

ခ။ အထက်ကဖော်ပြထားသော ကောင်းသောအကျင့်၊ အလုပ်များကို ရည်ညွှန်းသည်။

၂။ ဤအရာများသည် ကောင်း (ဂရိ-kalos) သည်။ ဆိုလိုသည်မှာ ဤအရာ များသည်

က။ ကောင်းသောအရာများ၊

ခ။ လှပသောအရာများ ဖြစ်ကြသည်။

၃။ ထို့အပြင် ဤအရာများသည် လူတို့၏အကျိုးကို ပြုစုတတ်သောအကျင့်များ ဖြစ်ကြသည်။

က။ ဂရိ-ophelimos သည်

- ကောင်းကျိုးရှိသော၊
- အသုံးဝင်သော၊
- အမြတ်အစွန်းရှိသော စသည်တို့ဖြစ်သည်။

ခ။ ကောင်းသေအကျင့်တို့သည် လူတို့ကို ကောင်းကျိုးပေးတတ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၂၃)

## အကျိုးမဲ့သောအရာများ ရှောင်ခြင်း

*မိုက်မဲသောပုစ္ဆာအမေးတို့ကိုငှင်း၊ ဆွေစဉ်မျိုးဆက်စာရင်းတို့ကိုငှင်း၊ ပညတ်တရားကြောင့် ရန်တွေ့ခြင်း၊ တိုက်လှန်ခြင်းတို့ကိုငှင်း၊ ရှောင်လော့။ အကြောင်းမူကား၊ ထိုအရာတို့သည် အကျိုးမရှိ၊ အချည်းနှီးသက်သက်ဖြစ်ကြ၏။*

*(တိ ၃း၉)*

***ရှောင်ရမည့်အရာများ***

၁။ တိတုသည် အောက်ပါအချက်များကို ရှောင်ရမည်။ ၎င်းတို့မှာ

က။ မိုက်မဲသောပုစ္ဆာအမေးများ၊

ခ။ ဆွေစဉ်မျိုးဆက်စာရင်းများ၊

ဂ။ ပညတ်တရားကြောင့် ရန်တွေ့ခြင်းနှင့်

ဃ။ တိုက်လှန်ခြင်း စသည်တို့ဖြစ်ကြသည်။

၂။ တိတုသည် ဤအရာများ၌ လုံး၀ ပါ၀င်ပတ်သက်ခြင်း မရှိရ။ ဘေးထွက်၍ ကင်းလွတ်စွာ ရှောင်ရမည်ဖြစ်သည်။

***ဝေါဟာရ ရှင်းလင်းချက်***

၁။ မိုက်မဲသောပုစ္ဆာအမေးများသည်

က။ အငြင်းပွားစေသော ဆွေးနွေးမှုများ

ခ။ အဆုံးမရှိသော၊ အဖြေမရှိသော မေးခွန်းများ စသည်တို့ကို ဆွေးနွေးငြင်းခုံနေခြင်း ဖြစ်ကြသည်။

၂။ ဆွေစဉ်မျိုးဆက်စာရင်းများသည် -

က။ ဆွေမျိုးအစဉ်အဆက်ကို အခြေပြုသော ပေါင်းသင်းခြင်း၊

ခ။ ဆွေစဉ်မျိုးဆက် ဗဟိုပြုသော တော်စပ်ခြင်း စသည်တို့ကို အားပေးသော ယုံကြည်မှု ဖြစ်သည်။

၃။ ပညတ်တရားကြောင့် ရန်တွေ့ခြင်းနှင့် တိုက်လှန်ခြင်း သည်

ကျ။ ပညတ်တော်ကို အနက်အမျိုးမျိုးဖွင့်၍ ရန်တွေ့ခြင်း၊ ငြင်းခုံခြင်း၊

ခ။ ပညတ်တရားကို အလွန်အကျူး မြတ်နိုးသောကြောင့် ဖြစ်လာသော ရန်တွေ့ခြင်း၊ အချင်းချင်းစကားများခြင်း စသည်တို့ဖြစ်သည်။

***ထိုအရာတို့သည် အကျိုးမရှိ၊ အချည်းနှီးသက်သက်ဖြစ်ကြ၏***

၁။ 'အကြောင်းမူကား' သည် အထက်ကဖော်ပြသောအရာများ ရှောင်ရခြင်း၏ အကြောင်းကို ဖော်ပြသော စကားဆက်ဖြစ်သည်။

၂။ 'ထိုအရာတို့သည်' အထက်ကဖော်ပြသော ရှောင်ရမည့်အချက်များကို ရည်ညွှန်းသည်။

၃။ 'ထိုအရာတို့သည်'

က။ အကျိုးမရှိ (လူတို့ကို အကျိုးမပေး) သောအရာဖြစ်သည်။

ခ။ အချည်းနှီးသက်သက် (တန်ဖိုးမရှိသောအရာ) ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၂၄)

## သင်းခွဲသောသူကို ပယ်ရှားခြင်း

*သင်းခွဲသောသူကို နှစ်ကြိမ်မြောက်အောင်ဆုံးမပြီးမှ ပယ်ရှားနှင်ထုတ်လော့။ ထိုသို့သောသူသည် ကိုယ်အပြစ်ကို သိလျက်ပင် အပြစ်ပြု၍ မှောက်လှန်သောစိတ်ရှိသောသူ ဖြစ်သတည်း။*
*(တိ ၃း၁၀-၁၁)*

***သင်းခွဲသောသူ. . .***

၁။ သင်းခွဲသောသူ (ဂရိ-hairetikos) သည်

ကျ။ အသင်းအဖွဲ့ခွဲထွက်လိုသောသူ၊

ခ။ လျှို့ဝှက်ကြံစည်သောသူ၊

ဂ။ အကြံသမား စသည်တို့ဖြစ်သည်။

၂။ နှစ်ကြိမ်မြောက်အောင် ဆုံးမရမည်။ ဤဆုံးမ (ဂရိ-nouthesia) သည်

က။ nous + tithemi

ခ။ သတိရစေခြင်း၊

ဂ။ သတိပေးခြင်း၊

ဃ။ ညင်သာစွာ ဆုံးမခြင်း၊ စသည်တို့ဖြစ်သည်။

၃။ ထိုသို့ သတိပေး ဆုံးမပြီးနောက် မပြောင်းလဲ၊ မဆင်ခြင်ပါက အသိုင်းအဝိုင်းမှ ဖယ်ရှားနှင်ထုတ်ရန်ဖြစ်သည်။

***ထိုသို့သောသူသည် ကိုယ်အပြစ်ကို သိလျက်ပင်. . .***

၁။ ထိုကဲ့သို့သော သူသည် -

က။ မိမိကိုယ်ကို အပြစ်ရှိကြောင်း သိသည်။

ခ။ သို့သော် ထိုအပြစ်ကို ဆက်လက်ကျူးလွန်နေသည်။

၂။ ထိုသို့သောသူကို လုံး၀ သည်းခံခြင်းမပြုဘဲ အသင်းတော်မှ ဖယ်ရှားနှင်ထုတ်ရမည် ဖြစ်သည်။

***စိန်ခေါ်ချက်***

၁။ တိတုသည် သင်းခွဲတတ်သောသူများကို သတိထားနေရမည်။
၂။ တိတုသည် ထိုသူတို့ကို သတိပေးဆုံးမရမည်။
၃။ တိတုသည် လိုအပ်ပါက အသင်းတော်မှ ထိုသို့သောသူတို့ကို
 က။ ဖယ်ရှားရမည်။
 ခ။ နှင်ထုတ်ရမည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကိုကိုယ်တိုင်ပြလော့. . . (၂၅)

## ခေတ္တယာယီသင်းအုပ်

***အာတေမသော်၎င်း၊ တုခိတ်သော်၎င်း၊ သင့်ဆီသို့ ငါစေလွှတ်သောအခါ နိကောပလိမြို့တိုင်အောင် ငါ့ထံသို့ လာခြင်းငှါ ကြိုးစားလော့။ ဆောင်းကာလပတ်လုံး ထိုမြို့၌ ငါနေမည်ဟု အကြံရှိ၏။*** ***(တိ ၃း၁၂)***

### *သင့်ဆီသို့ ငါစေလွှတ်သောအခါ*

၁။ အာတေမ သို့မဟုတ် တုခိတ်ကို တိတုထံသို့ စေလွှတ်ရန် ပေါလုအကြံရှိသည်။

၂။ စေလွှတ် (ဂရိ-pempo) သည် -

 က။ နေရာပြောင်းပေးသည်။

 ခ။ သွားလာ ခွင့်ပေးသည်။

၃။ ပေါလုသည် အာတေမနှင့် တုခိတ်နှစ်ဦးအနက် တစ်ဦးဦးကို တိတု၏ သင်းအုပ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ခေတ္တအစားထိုး လုပ်ဆောင်ရန်ခွင့်ပေးမည်။

၄။ ထိုအခါ တိတုသည် နိကောပလိမြို့သို့ သွား၍ ပေါလုထံ ခေတ္တခဏ အလည်သွားရန် ကြိုးစားရမည် ဖြစ်သည်။ ပေါလုသည်လည်း ထိုမြို့၌ ဆောင်းကာလပတ်လုံး နေထိုင်ရန်အကြံရှိသည်။

### *အာတေမ*

၁။ အာတေမသည် ဓမ္မသစ်ကျမ်း၌ ဤတစ်ကြိမ်သာ ဖော်ပြထားသော အမှုတော်ဆောင်ဖြစ်သည်။

၂။ အသင်းတော်သမိုင်းအရ၊ လုတ္တရသင်းအုပ်အဖြစ် (Bishop of Lystra) အမှုတော်ဆောင်ခဲ့သည်ဟု ယုံကြည်ကြသည်။

### *တုခိတ်*

၁။ ပေါလုသည် တုခိတ်ကို တိတုရှိရာ ကရေတေကျွန်းသို့ စေလွှတ်ရန် အကြံရှိသည်။ စေလွှတ်ကောင်း စေလွှတ်နိုင်သည်။ (တိ ၃း၁၂)

က။ တိတု၏သင်းအုပ်လုပ်ငန်းကို ခေတ္တအစားထိုး ဆောင်ရွက်ရန်၊

ခ။ တိတုသည် ပေါလုထံသို့ ခေတ္တခဏ အလည်လာနိုင်ရန်၊ စသည်တို့ ဖြစ်သည်။

၂။ နောက်တစ်ဖန် ပေါလုသည် တုခိတ်ကို ဧဖက်မြို့သို့ စေလွှတ်ခဲ့သည်။

က။ တိမောသေ၏သင်းအုပ်လုပ်ငန်းကို ခေတ္တအစားထိုး လုပ်ဆောင်ရန်၊

ခ။ တိမောသေ ပေါလုထံသို့ ခေတ္တခဏ အလည်အပတ်လာနိုင်ရန် စသည်တို့အတွက်ဖြစ်သည်။ (၂ တိ ၄း၁၂)

၃။ တုခိတ်သည် ခေတ္တယာယီသင်းအုပ်အဖြစ် (interim pastor) စေလွှတ်ခြင်းခံရသောသူ ဖြစ်သည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့. . . (၂၆)

## ကောင်းသောအမှုတို့ကို အမြဲလုပ်ဆောင်ခြင်း

*ကျမ်းဆရာဇေနနှင့် အာပေါလု၌ အဘယ်အရာမျှ မလိုစေခြင်းငှါ ကြိုးစား၍ လမ်း၌ပို့လော့။-ငါတို့၏လူများသည်လည်း အသီးမဲ့သောသူမဖြစ်၊ ကိုယ်သုံးစရာဘို့ ရှိရမည်အကြောင်း၊ ကောင်းသော အကျင့်တို့ကို အမြဲကျင့်အံ့သောငှါ သင်ကြစေ။*

*(တိ ၃း၁၃-၁၄)*

### *ကျမ်းဆရာဇေနနှင့် အာပေါလု၌. . .*

၁။ ဇေနနှင့်အာပေါလု -

ကး။ ဇေနနှင့်အာပေါလုသည် ဓမ္မဟောင်းကျမ်းကို ကျွမ်းကျင်သောသူများ ဖြစ်ကြသည်။

ခ။ ထို့ကြောင့် သူတို့ကို 'ကျမ်းဆရာ' များဟု သတ်မှတ်ရခြင်းဖြစ်သည်။

ဂ။ သူတို့နှစ်ဦးစလုံးသည် အမှုတော်ဆောင်များ ဖြစ်ကြသည်။

၂။ တိတုသည် ထိုသူတို့၌ (ဇေနနှင့်အာပေါလုတို့၌) လိုလေသေးမရှိအောင် စောင့်ရှောက်ရမည်။

၃။ ထိုစောင့်ရှောက်ခြင်းအမှုကို ကြိုးစား၍ လုပ်ဆောင်ရမည်။

### *ငါတို့၏ လူများသည်လည်း. . .*

၁။ 'ငါတို့၏ လူများ' သည် -

က။ ကရေတေကျွန်းရှိ အသင်းသူ၊ သားများကို ရည်ညွှန်းသည်။

ခ။ တိတု စောင့်ရှောက်နေသော ယုံကြည်သူများကို ဆိုလိုသည်။

ဂ။ ပေါလုနှင့် တိတုတို့က တိုက်ရိုက်ကြည့်ရှုနေသော ယုံကြည်သူများ ဖြစ်ကြသည်။

၂။ အသီး သီးသောသူများ ဖြစ်ကြရမည်။ ဆိုလိုသည်မှာ-

က။ သူတစ်ပါးအား ကူညီမစခြင်းကို ဆောင်ရွက်ကြရမည်။

ခ။ အထူးသဖြင့် အမှုတော်ဆောင်များကို မစတတ်ကြရမည်။

(ဂလာတိ ၆း၆)

ဃ။ ဇေနနှင့်အာပေါလုကို စောင့်ရှောက်ကြရမည်။

ဂ။ ယုံကြည်ခြင်းကို လက်တွေ့ဖော်ဆောင်တတ်ကြရမည်။

၃။ အခြေခံလိုအပ်ချက်များ အမြဲပြည့်စုံနေရန် ယုံကြည်သူတို့သည် -

က။ ကောင်းသောအကျင့်တို့ကို ကျင့်ကြရမည်။

ခ။ ကောင်းသောအမှုတို့ကို ဆောင်ရွက်တတ်ရမည်။

ဂ။ အမှုတော်ဆောင်ကောင်းများကိုလည်း ပြုစုတတ်ကြရမည်။

***အမြဲကျင့်အံ့သောငှါ သင်ကြစေ***

၁။ ကောင်းသော အရာတို့ကို အမြဲဆောင်ရွက်ရမည်။

၂။ ထိုသို့ ကောင်းသောအမှုတို့ကို အမြဲဆောင်ရွက်နိုင်ရန် -

က။ သင်ယူရမည်။

ခ။ လေ့ကျင့်ရမည်။

ဂ။ တပည့်အဖြစ် နည်းခံ၍ သင်ယူရမည်။

# ကောင်းသောအကျင့်တို့၏ ပုံသက်သေကိုကိုယ်တိုင်ပြလော့. . . (၂၇)

## အချင်းချင်းနှုတ်ဆက်ခြင်း

*ငါ့ထံမှာရှိသောသူအပေါင်းတို့သည် သင့်ကိုနှုတ်ဆက်ကြ၏။ ယုံကြည်ခြင်းနှင့်တကွ ငါတို့ကို ချစ်သောသူများကို နှုတ်ဆက်လော့။ သင်တို့အပေါင်း၌ ကျေးဇူးတော်ရှိစေသတည်း၊ အာမင်။*
*(တိ ၃း၁၅)*

***ငါ့ထံမှာရှိသောသူအပေါင်းတို့သည်. . .***

၁။ ပေါလုနှင့် ပေါင်းသင်းဆက်ဆံသောသူများ ဖြစ်ကြသည်။
၂။ တစ်နည်းအားဖြင့် သခင်ခရစ်တော်ကို ယုံကြည်ကိုးစား၍ သန့်ရှင်းသူတို့ကို ချစ်မြတ်နိုးသောသူများ ဖြစ်ကြသည်။
၃။ ရောမထောင်ကျခြင်းမှ ပထမအကြိမ်လွတ်မြောက်လာသော ပေါလုနှင့် နိကောပလိမြို့ (Nicopolis) ၌ နေထိုင်ကြသော ယုံကြည်သူများဖြစ်ကြသည်။
၄။ ထိုသူတို့သည်လည်း တိတုကို နှုတ်ဆက်ကြသည်။

***ယုံကြည်ခြင်းနှင့်တကွ ငါတို့ကို ချစ်သောသူများကို နှုတ်ဆက်လော့***

၁။ ပေါလုသည် တိတုကို (သူတပါးတို့အား) နှုတ်ဆက်စေသည်။
၂။ တိတုသည် 'ယုံကြည်ခြင်းနှင့်တကွ ငါတို့ကို ချစ်သောသူများ' ကို နှုတ်ဆက်ရမည်။
၃။ ထိုသူတို့သည် -
  က။ ဘုရားသခင်ကို ယုံကြည်ကြသည်။ ခရစ်ယာန်များ ဖြစ်ကြသည်။
  ခ။ ပေါလုနှင့်တိတုကို ချစ်ခင်လေးစားသောသူများဖြစ်ကြသည်။

၄။ တိတုသည်လည်း -

က။ ပေါလုနှင့်အတူ ရှိသောယုံကြည်သူတို့ကို လည်းကောင်း၊

ခ။ သူနှင့်အတူရှိသော ယုံကြည်သူတို့ကို လည်းကောင်း၊ နှုတ်ဆက်မည် ဖြစ်သည်။

***သင်တို့အပေါင်း၌ ကျေးဇူးတော်ရှိစေသတည်း၊ အာမင်။***

၁။ 'သင်တို့အပေါင်း' သည် -

က။ တိတုနှင့် ကရေတေကျွန်းရှိ ယုံကြည်သူများကို ရည်ညွှန်းသည်။

ခ။ တိတုနှင့် စာဖတ်ပရိသတ်များကို ရည်ညွှန်းသည်။

၂။ ပေါလုသည် ထိုသူတို့အား ဘုရားသခင်မှ ကျေးဇူးပြုပါမည်အကြောင်း ဆုတောင်းမေတ္တာ ပေးပို့လိုက်သည်။

က။ ဘုရားသခင်သည် မိမိ၏ နှုတ်ကပတ်တော်အတိုင်း ကျေးဇူးပြုမည် ဖြစ်သည်။ (ဆာလံ ၁၁၉း၆၅)

ခ။ ဘုရားသခင်၏ ကျေးဇူးတော်သည် ကောင်းသောအကျင့်များ အမြဲကျင့်နိုင်ရန်သွန်သင်မစနေမည် ဖြစ်သည်။ (တိ ၁း၁၃)